မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၃၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနအရေအတွက်နှင့် ပြည်ထောင်စုဝန်ကြီး ဦးရေသတ်မှတ်ရေး ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူ

ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၉

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အထမြောက်

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့ ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၆၅၉ ဦးရှိသည့်အနက် ၆၅၈ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၈၅ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

တင်ပြ

အစီအစဉ်အရ နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသည့် *စာမျက်နှာ ၃ ကော်လံ ၁* ✱

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်အောင် အလေးအနက်ဆောင်ရွက်ခဲ့

နယ်စပ် ဒေသမှာ နေထိုင်ကြတဲ့ တိုင်းရင်းသား မျိုးနွယ်တွေဟာ ပြည်တွင်းဆူပူမှုဒဏ်တွေကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရတယ်။ ဒီအဖြစ်တွေကို တောအနှံ့ တောင်အနှံ့ ရောက်ခဲ့ရတဲ့ ဒို့တပ်မတော်သားတွေဟာ ကိုယ်ချင်းစာတရားနဲ့ ကရုဏာသက်ခဲ့တယ်။ ဒါကြောင့်လည်း တပ်မတော်က တိုင်းပြည်တာဝန်ကို ယူရတဲ့အချိန်မှာ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့တယ်။ နောက်ပိုင်းမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို ဖွင့်လှစ်ပြီး တိုင်းရင်းသားတွေရဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးတွေ ဖွံ့ဖြိုးတိုးတက်အောင် ငွေကြေးအမြောက်အမြား အကုန်အကျခံကာ အလေးအနက်ဆောင်ရွက်ခဲ့တာ ယနေ့ထက်တိုင်အောင်ဖြစ်တယ်။ ယခုဆိုရင် တိုင်းရင်းသားတွေဟာ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တွေကို ခံစားနေကြရပြီဖြစ်တယ်။ နောင်တက်လာမယ့် အစိုးရအဆက်ဆက်ကလည်း ဒီအခြေခံကောင်းတွေကတစ်ဆင့် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ကြလိမ့်မယ်ဆိုတာ ယုံကြည်မျှော်လင့်ကြောင်း ပြောကြားလိုတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း
အမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲ မိန့်ခွန်းမှ -

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်)

ပညာပြည့်ဝ နှလုံးလှသည့် အသိပညာရှင် အတတ်ပညာရှင်ဖြစ်ရန် ကြိုးစား

ယနေ့ကမ္ဘာတစ်ဝန်း သိပ္ပံနှင့်နည်းပညာများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ တိုးတက်လာမှုကြောင့် နိုင်ငံအသီးသီး၏ လူမှုစီးပွားဘဝသည် တစ်ရှိန်ထိုး တိုးတက်ပြောင်းလဲလာခဲ့သည်။

ယနေ့ ကျောင်းသားလူငယ်များသည် အနာဂတ်ကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မည့် နိုင်ငံတော်ကအားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်များပင်ဖြစ်သည်။ နိုင်ငံတော်၏ မျိုးဆက်သစ်များဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက ကျောင်းသားလူငယ်များကို ဘက်စုံထူးချွန်သော ကျောင်းသားလူငယ်လေးများဖြစ်ရန် ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ပညာထူးချွန်ထက်မြက်သည်သာမက စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သည့်သူများဖြစ်ရန် မျှော်မှန်းဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ အခြေခံပညာကျောင်းသားလူငယ်လေးများသည် တစ်နှစ်ပတ်လုံးသင်ကြားခဲ့သည့် ကျောင်းစာများကို ပြန်လည်ကျက်မှတ်နေကြရပြီ ဖြစ်သည်။ ဆရာ ဆရာမများ သင်ကြားပြသခဲ့သည့်စာများကို ပြန်လည် ဖြေဆိုကြရတော့မည် ဖြစ်သည်။

စာမေးပွဲဖြေဆိုသည့်အချိန်တွင် ကျောင်းသားလူငယ်လေးများသည် ကျန်းမာရေးနှင့် ပြည့်စုံပြီး စိတ်ရွှင်လန်း တက်ကြွနေကြရမည် ဖြစ်သည်။ စာများကို တစ်နှစ်ပတ်လုံး ပုံမှန်ကျက်မှတ်လာသူများအတွက် အခက်အခဲမရှိ ဖြေဆိုနိုင်ကြမည်ဖြစ်သည်။

စာမေးပွဲဖြေဆိုရန် နီးကပ်လာပြီဖြစ်၍ ကျန်းမာရေးကို အထူးဂရုပြုကြရမည်ဖြစ်သည်။ စာကျက်နည်းမှန်ကန်ရမည်ဖြစ်သည်။ မအိပ်မနေ စာကျက်ခြင်းမျိုးကို မပြုလုပ်ရပေ။ နားနေချိန်ပေးပြီး စာများကို ကျက်မှတ်ရမည်ဖြစ်သည်။ စာကျက်နည်းမှားယွင်းပါက စာမေးပွဲခန်းတွင် အခက်အခဲတွေ့ရပြီး ကျန်းမာရေးထိခိုက်နိုင်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်က အားထားရမည့် ယနေ့ကျောင်းသားလူငယ်များသည် ပညာပြည့်ဝနှလုံးလှသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာရေးအတွက် ကျောင်းသင်ခန်းစာများကို နည်းလမ်းမှန်ကန်စွာ လေ့လာကျက်မှတ်ပြီး စာမေးပွဲဖြေဆိုချိန်တွင်လည်း ကျန်းမာရေးနှင့် ပြည့်စုံနေကာ စိတ်ကြည်လင် ပျော်ရွှင်စွာဖြင့် ဖြေဆိုနိုင်ကြရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး ပုသိမ်၌ အလုပ်ရုံဆွေးနွေး

ပုသိမ် ဖေဖော်ဝါရီ ၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ပုသိမ်မြို့နယ်မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပါစည်က အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှင်းလင်းပြောကြား

ဆက်လက်၍ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးလှဝေက မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁ ရက်မှ ၁၀ ရက်အထိဖြစ်ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ရက္ခပဗေဒဘွဲ့ရကျောင်းသား ကျောင်းသူများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရုက္ခဗေဒဘာသာရပ် (နေ့၊အဝေးသင်) (၁၉၆၇-၂၀၁၀)ဘွဲ့ရ ကျောင်းသား ကျောင်းသူများက ရုက္ခဗေဒဘာသာရပ်သင် အသက်(၆၄) နှစ်နှင့်အထက် (အငြိမ်းစား) ဆရာ ဆရာမကြီးများအား တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (စနေနေ့) (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်များမွေ့ရုံ၌ ကျင်းပမည်ဖြစ်ပြီး ရုက္ခဗေဒမိသားစု မိတ်ဆုံညစာစားပွဲကို ယင်းနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး မျက်စိအထူးကုဆေးရုံကြီးရှေ့ရှိ ကန်တော်ကြီး သဘာဝဥယျာဉ် White Rice စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

သင်္ဃန်းကျွန်းမြို့နယ်၌ စာပေဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၉

သင်္ဃန်းကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးနှင့် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက မြို့နယ်ခန်းမ၌ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌသစ် ရေနံ့မြေ ဦးမောင်မောင်ကြည်က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို) မှ ဒုတိယဥက္ကဋ္ဌ ခင်မောင်ထွန်း-(လမ်းမတော်)၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ဆရာမ မစန္ဒာနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို အတွင်းရေးမှူး ဦးဘသစ် (ဘသစ်ထူး)က ဖတ်ကြားတင်ပြသည်။

ဟောပြော

ထို့နောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်း (မင်းယဉ်စု)က ဖတ်ကြားပြီး စာရေးဆရာ ဘိုကလေးတင့်အောင်၊ စာရေးဆရာ မနုသဿကျော်ဝင်းနှင့် စာရေးဆရာ အကြည်တော်တို့က စာပေရေးရာများ ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ (၁၂၁)

ရေနေသယံဇာတထိန်းသိမ်းရေး သံတွဲမြို့နယ်၌ ပညာပေးဟောပြော

သံတွဲ ဖေဖော်ဝါရီ ၉

ရေနေသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၉ရက်က သံတွဲမြို့နယ် ခမောင်းကုန်းကျေးရွာ၌ ကျင်းပရာ ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်၊ သံတွဲခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသံချောင်းတို့က ငါးလုပ်ငန်းဆိုင်ရာ ဥပဒေများနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရေး၊ ရေနေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေးနှင့် ရေထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။ (အပေါ်ပုံ)

ကွင်းဆင်းစစ်ဆေး

ဟောပြောပွဲသို့ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရေလုပ်ငန်းရှင်များ စုစုပေါင်း ၆၀ခန့် တက်ရောက်ကြသည်။ ဟောပြောပွဲအပြီးတွင် တာဝန်ရှိသူများသည် အငယ်စားနှင့် အလတ်စား ငါးခြောက်လှန်းလုပ်ငန်းများသို့ ကွင်းဆင်းစစ်ဆေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ဇန်းမော်မြို့နယ်၌ ကျေးလက်စက်ရေတွင်းဖွင့်

ဇန်းမော် ဖေဖော်ဝါရီ ၉

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇန်းမော်မြို့နယ် ထီးလင်းကျေးရွာ၌ နှစ်လက်မ စက်ရေတွင်းရေစက်ရုံနှင့် ရေဂါလန် ၁၈၀၀ဆံ့ စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ ဇန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် ထီးလင်းကျေးရွာဥက္ကဋ္ဌ ဦးထွန်းထွန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေလျက်ရှိသော ရေစုကန်နှင့် ရေစက်ရုံကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ဇန်နဝါရီ ၃၀ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်နိုင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဆုချီးမြှင့်

အမက(၁၈) စမ်းချောင်း၏ ၂၀၀၉-၂၀၁၀ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ သူငယ်တန်းနှင့် ပထမတန်းတွင် နှစ်နှစ်ဆက်တိုက် ပထမဆုရနှင့် ရန်ကုန်တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲတွင် ဒုတိယဆုရရှိသော မောင်ရဲလင်းကျော်ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးသင်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ

✻ ရှေ့ဖုံးမှ

ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရန် ပြည်ထောင်စုလွှတ်တော်နာယက က ဖိတ်ခေါ်သည်။

ထို့နောက် ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားသည့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးမြတ်ညဏ်စိုးက ဆွေးနွေးရာတွင် လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော်နာယကကြီးနှင့်တကွ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များကို ဦးစွာ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမ္မတကြီးအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးသိန်းစိန်နှင့်တကွ ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း(ခ) မောင်အုန်းတို့ကိုလည်း ရွေးချယ်တင်မြှောက်ခံရတဲ့အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နဲ့စပ်လျဉ်း၍ ယခုဆွေးနွေးတင်ပြမည့် အကြောင်းအရာများသည် အပြုသဘောဆောင်သော ဆွေးနွေးတင်ပြချက်များသာဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် တင်ပြထားသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာန (၃၄)ခုရှိသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက်က ဝန်ကြီးဌာနများကို ပူးတွဲဖွဲ့စည်းခဲ့ပြီး အများဆုံး ဝန်ကြီးဌာန (၁၈)ခုသာရှိခဲ့ပါကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်များမှာတော့ တိုးတက်လာသည့် နိုင်ငံတော်၏ လူဦးရေ၊ ဖွံ့ဖြိုးလာသည့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေ၊ ပြောင်းလဲလာသည့် နည်းပညာရပ် နယ်ပယ်အလိုက် စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် အချို့သောဝန်ကြီးဌာနများကို သီးခြားစီ ဖွဲ့စည်းခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ယခု သမ္မတကြီး တင်ပြလာတဲ့ ဝန်ကြီးဌာနစာရင်းမှာလည်း နိုင်ငံတော်သစ်အတွက် အထူးပင် တန်ဖိုးရှိသည့် မြန်မာ့စက်မှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပါဝင်လာသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါကြောင်း၊ ယခင်တည်ရှိခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအစား နယ်စပ်ရေးရာဝန်ကြီးဌာနအဖြစ် အခြေခံဥပဒေနှင့်အညီ ပြောင်းလဲတင်ပြလာသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၅)၊ ပုဒ်မ (၂၄၈)၊ ပုဒ်မခွဲ (ခ)အရလည်းကောင်း၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ဥပဒေ အခန်း (၂)၊ ပုဒ်မ (၈)၊ ပုဒ်မခွဲ (စ) အရလည်းကောင်း၊ ပုဒ်မ (၁၀)၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)အရလည်းကောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများတွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ တာဝန်ယူနိုင်တော့မယ်ဖြစ်ပါကြောင်း၊ သို့ပါ၍ ဒေသဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့ ပိုမိုထိရောက်မြန်ဆန်စွာ တိုင်းရင်းသားလူမျိုးများအရေးကို ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာန (၁)ခုကို အသစ်ဖွဲ့စည်းပေးနိုင်ပါရန် လေးစားစွာဖြင့် ဆွေးနွေးတင်ပြအပ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပြုတင်ပြခဲ့တဲ့ ဝန်ကြီးဌာန (၃၄)ခုအစား အရေအတွက်အားဖြင့် ဝန်ကြီးဌာန (၂၅)ခုကို အဆိုပြုတင်ပြလိုပါကြောင်း၊

- (၁) ကာကွယ်ရေးဝန်ကြီးဌာန
- (၂) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
- (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
- (၄) စက်မှုဝန်ကြီးဌာန
- (၅) စွမ်းအင်ဝန်ကြီးဌာန
- (၆) ဆောက်လုပ်ရေးဝန်ကြီးဌာန
- (၇) တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန
- (၈) နယ်စပ်ရေးရာနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန
- (၉) နိုင်ငံခြားရေးဝန်ကြီးဌာန
- (၁၀) ပညာရေးဝန်ကြီးဌာန
- (၁၁) ပို့ဆောင်ရေးဝန်ကြီးဌာန
- (၁၂) ပြည်ထဲရေးဝန်ကြီးဌာန
- (၁၃) ပြန်ကြားရေးဝန်ကြီးဌာန
- (၁၄) မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
- (၁၅) မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန
- (၁၆) ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန
- (၁၇) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
- (၁၈) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
- (၁၉) သမဝါယမနှင့် အလုပ်သမားဝန်ကြီးဌာန
- (၂၀) သာသနာရေးနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန
- (၂၁) သစ်တောရေးရာဝန်ကြီးဌာန
- (၂၂) သတ္တုတွင်းဝန်ကြီးဌာန
- (၂၃) သမ္မတရုံးဝန်ကြီးဌာန
- (၂၄) သိပ္ပံနည်းပညာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
- (၂၅) အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဟူ၍

ဝန်ကြီးဌာန အရေအတွက်(၂၅)ခုသတ်မှတ်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားသည့် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဆန်းက ဆွေးနွေးရာတွင် လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော် နာယကကြီးနှင့်တကွ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ပါကြောင်း နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက တင်သွင်းသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာန (၃၄)ခု သတ်မှတ်ခြင်းသည် အကြောင်းအရာ (၃)ချက်နှင့် ညီညွတ်နေသည်ကို တွေ့ရှိရပါကြောင်း၊ နံပါတ်(၁) ပြည်သူလူထုအများစု၏ လိုအင်ဆန္ဒ၊ လိုအပ်ချက်၊ အကျိုးစီးပွားများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန်အတွက် ကိုက်ညီမှန်ကန်နေသည်ကို တွေ့ရပါကြောင်း၊ နံပါတ်(၂) လက်ရှိ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပကတိအရှိတရားများနှင့် လိုက်လျောညီထွေ ကိုက်ညီ မှန်ကန်နေသည်ကို တွေ့ရပါကြောင်း၊ နံပါတ်(၃) ယနေ့ နိုင်ငံတကာအစိုးရ အသီးသီးက သူတို့တိုင်းပြည်၊ သူတို့လူမျိုး အကျိုးစီးပွားအတွက် ဝန်ကြီးဌာနများ ဖွဲ့စည်းဖော်ဆောင်နေသည့် လုပ်ငန်းစဉ်များနှင့်လည်း လိုက်လျောညီထွေရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်သွင်းသည့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာန (၃၄)ခု သတ်မှတ်ထားခြင်းအပေါ် ပိုလည်းမပို၊ လိုလည်းမလိုကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း၊ နံပါတ်(၁) အချက်ဖြစ်သည့် ပြည်သူလူထုအများစု၏ လိုအင်ဆန္ဒ၊ အကျိုးစီးပွားများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကိုက်ညီနေသည့် အနေအထားကို အနည်းငယ် ရှင်းပြလိုပါကြောင်း၊ ပြည်သူများက ၎င်းတို့၏လိုအင်ဆန္ဒနှင့် အကျိုးစီးပွားများကို အကောင်အထည်ဖော်ပေးနိုင်ရန်အတွက် ကျွန်တော်တို့ကို လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးချယ်တင်မြှောက်လိုက်ခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ လိုလားချက်၊ လိုအင်ဆန္ဒ အကျိုးစီးပွားများကို အောင်မြင်အောင်၊ အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရမှာဖြစ်ပါကြောင်း၊ ယနေ့ ပြည်သူအများစု လိုလားနေသည့် အဓိကလိုအင်ဆန္ဒ (၃)ရပ်ရှိပါကြောင်း၊ နံပါတ် (၁)က တည်ငြိမ်အေးချမ်းမှု ဖြစ်ပါကြောင်း၊ ပြည်သူအများစုသည် တည်ငြိမ်အေးချမ်းသည့် ပတ်ဝန်းကျင်ဘဝကို လိုလားကြပြီး မတည်ငြိမ် မအေးချမ်းသည့် ပတ်ဝန်းကျင်ဘဝကို မလိုလားကြပါကြောင်း၊ ၁၉၄၈မှ ၁၉၈၈ ကြားကာလ၌ ပြည်သူများသည် မတည်ငြိမ်သည့် ပတ်ဝန်းကျင်ဘဝကို ဖြတ်သန်းခဲ့ကြရပြီး ခါးသီးသည့် အနိဋ္ဌာရုံများကို ခံစားခဲ့ကြရပြီးဖြစ်ပါကြောင်း၊ ဒုတိယပြည်သူ့ဆန္ဒ အကျိုးစီးပွားမှာ တိုင်းပြည် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်သည်ကို လိုချင်ကြသကဲ့သို့ သူတို့တစ်ဦးချင်း၊ သူတို့မိသားစု (၁)စုချင်းစီ၏ လူမှုစီးပွားဘဝ၊ တစ်နည်းအားဖြင့် စားဝတ်နေရေးဖွံ့ဖြိုးတိုးတက်မှုကို လိုချင်ကြပါကြောင်း၊ နံပါတ်(၃) လိုအင်ဆန္ဒမှာ တရားဥပဒေနှင့်အညီ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်စားသောက်လိုခြင်းပဲ ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ဒီမိုကရေစီကို လိုချင်ကြခြင်းဖြစ်ပါကြောင်း၊ ယနေ့ ပြည်သူများလိုလားနေသည့် လိုလားချက် (၃)ရပ်ကို အပြည့်အဝ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူများ၏အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့် ကဏ္ဍစုံ၊ ထောင့်စုံ၌ ဝန်ကြီးဌာနများရှိပြီး ကဏ္ဍအသီးသီးမှနေ၍ ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးဖို့လိုအပ်ပါကြောင်း၊ ယခု ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာန (၃၄)ခု သတ်မှတ်ခြင်းသည် ပြည်သူများ၏ လိုလားချက် ဆန္ဒ(၃)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ဘက်စုံ၊ ထောင့်စုံကိုက်ညီမှုရှိပြီး အပို၊ အလိုမရှိ အနေအထားရှိသည်ကို တွေ့ရှိရပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ပတ်သက်၍ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဖွဲ့စည်းပေးထားပါကြောင်း၊ အလားတူ ယနေ့ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ကြရာဝယ် Macro Economy ဟူသည့် တစ်တိုင်းပြည်လုံးနှင့်ဆိုင်သည့် စီးပွားရေးဘဝကြီး(၁)ခုလုံးကို ဖော်ဆောင်ပေးရမည့် Monetary Policy၊ Fiscal Policy၊ Trade Investment Policy စသည့် ကဏ္ဍများမှာ ထိထိရောက်ရောက် ဖော်ဆောင်ပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန စသည့် ဝန်ကြီးဌာနများကို ဖွဲ့စည်းဖော်ဆောင်ပေးထားပါကြောင်း၊ အလားတူ Macro Economy သာမက Micro Economy နှင့်လည်း ဖော်ဆောင်ပေးကြရမှာဖြစ်ပါကြောင်း၊ ပြည်သူတစ်ဦးချင်း၊ မိသားစု (၁)ခုချင်း၊ ရွာ (၁)ရွာချင်း၊ ဒေသ (၁)ခုချင်း၏ ဘဝဖွံ့ဖြိုး တိုးတက်လာအောင်လည်း ဖော်ဆောင်ပေးရမှာဖြစ်ပါကြောင်း၊ ထိုသို့ ဖော်ဆောင်ပေးနိုင်ရန်အတွက်လည်း သမဝါယမဝန်ကြီးဌာနကို သီးခြားဖွဲ့စည်း ဖော်ဆောင်ပေးထားသည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ အလားတူ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရာတွင် အခြားသော နိုင်ငံများနှင့်တန်းတူ ယှဉ်ပြီး တိုးတက်ချမ်းသာရေးအတွက် စက်မှုနိုင်ငံကို တည်ဆောက်ကြရမှာဖြစ်ပါကြောင်း၊ ထိုသို့ စက်မှုနိုင်ငံတည်ဆောက်နိုင်ရေးအတွက်လည်း အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနတို့အပြင် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုပါ ဖွဲ့စည်းပေးထားသည်ကို တွေ့ရပါကြောင်း၊ ထို့ပြင် စွမ်းအင်ကဏ္ဍကို ထိထိရောက်ရောက် ဖော်ဆောင်ပေးနိုင်ရန်အတွက်လည်း အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တို့ကို သီးခြားထိထိရောက်ရောက် သတ်မှတ်ဖော်ဆောင်ထားပါကြောင်း၊ အလားတူ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန စသည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်သည့် ကဏ္ဍအားလုံး၌ ထိထိရောက်ရောက် ဖော်ဆောင်နိုင်ရန် ဘက်စုံထောင့်စုံ အကွက်စေ့စေ့ ဖော်ဆောင်ထားသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ လိုလားချက် ဆန္ဒ အကျိုးစီးပွားကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန်အတွက် ယနေ့ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်သွင်းသော ဝန်ကြီးဌာန (၃၄)ခုသည် အပို၊ အလိုမရှိ မှန်ကန်ကိုက်ညီနေသည်ကို တွေ့ရှိရပါကြောင်း၊ နံပါတ် (၂) အချက်ဖြစ်သည့် နိုင်ငံတော်ရဲ့ ပကတိအရှိတရားများနှင့်ကိုက်ညီမှုကို ကြည့်ပါကလည်း ကျွန်တော်တို့နိုင်ငံသည် ၁၉၄၈-၅၀ တစ်ဝိုက်၌ အရှေ့တောင်အာရှတွင် အတိုးတက်ဆုံးနိုင်ငံအဖြစ် ရှိခဲ့ပါကြောင်း၊ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ၁၉၈၈ကို ရောက်သည့်အချိန်တွင် ဖွံ့ဖြိုးတိုးတက်မှု အနိမ့်ဆုံးနိုင်ငံဘဝကို ရောက်ရှိခဲ့ရပါကြောင်း၊ ထို့ကြောင့် ၁၉၈၈ခု တပ်မတော်အစိုးရ တာဝန်ယူလာသည့်အခါ၌ နိုင်ငံတော်ကို ဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်လာအောင်၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် ကဏ္ဍစုံထောင့်စုံက ကြိုးပမ်းတည်ဆောက် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ကြောင့် ယနေ့ ပကတိအရှိတရားအခြေအနေကို ကြည့်မယ်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ရန် လိုအပ်သည့် အခြေခံအဆောက်အအုံအားလုံးနီးပါးကို နိုင်ငံတော်အစိုးရက တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ သို့သော် ရေရှည်ဆက်ပြီး ဖွံ့ဖြိုးတိုးတက်ရန်ဆိုပါက အဆိုပါ တည်ဆောက်ပေးပြီးသား ဘက်စုံ၊ ကဏ္ဍစုံကို ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း၊ အဆိုပါ ပကတိအရှိတရားကိုအခြေခံပြီး ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက်လည်း နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်သွင်းသည့် ဝန်ကြီးဌာန (၃၄)ခုဆိုသည်မှာ ကိုက်ညီနေပါကြောင်း၊ အလားတူ တတိယအချက်ဖြစ်သည့် နိုင်ငံတကာအစိုးရများက သူတို့တိုင်းပြည်နှင့် လူမျိုးအကျိုး ဖော်ဆောင်ရန်အတွက် ဝန်ကြီးဌာနများ ဖွဲ့စည်းဆောင်ရွက်မှုကို ပြန်ကြည့်ပါကလည်း နိုင်ငံတကာအဖွဲ့အစည်းများသည် သူတို့နိုင်ငံ၏ ပကတိအရှိတရားများနှင့်အညီ သူတို့နိုင်ငံ၊ သူတို့လူမျိုး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရဝန်ကြီးဌာနများကို ဖွဲ့စည်းဆောင်ရွက်နေကြသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတကာ၏ဆောင်ရွက်မှုကို လေ့လာကြည့်ပါက ဝန်ကြီးဌာနအဖြစ် ဖွဲ့စည်းဆောင်ရွက်သလို ကဏ္ဍတစ်ခုချင်း စူးစိုက်ဆောင်ရွက်နိုင်ရန်အတွက် ဘုတ်အဖွဲ့များ၊ ကော်မရှင်အဖွဲ့များအဖြစ် ဖွဲ့စည်းဆောင်ရွက်ကြသည်များလည်း တွေ့ရပါကြောင်း၊ အဆိုပါ အဲဒီဘုတ်အဖွဲ့နှင့် ကော်မရှင်အဖွဲ့များ၏ အဆင့်အတန်းသည် ဝန်ကြီးဌာန အဆင့်အတန်းဖြစ်ပါကြောင်း၊

စာမျက်နှာ ၄ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးသိန်းစိန် ပြန်လည်ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးမြတ်ညဏ်စိုး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

10-2 (03).pmd 1 2/10/2011, 2:50 AM

ဆွေးနွေးပြောကြား

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း ဆွေးနွေးပြောကြားစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

အဆိုပါဘုတ်အဖွဲ့၊ ကော်မရှင်အဖွဲ့များ၏ ဥက္ကဋ္ဌများသည်လည်း ဝန်ကြီးအဆင့်များဖြစ်ကြပါကြောင်း၊ လက်ရှိဆောင်ရွက်နေကြသည့် သာဓကများကိုကြည့်ပါက အိန္ဒိယနိုင်ငံ၌ ဝန်ကြီးဌာနပေါင်း (၃၅)ခု ဖွဲ့စည်းထားပြီး ဘုတ်အဖွဲ့ပေါင်း (၂၁)ခု ဖွဲ့စည်းထားပါကြောင်း၊ ထို့ကြောင့် အိန္ဒိယနိုင်ငံ၌ ဝန်ကြီးဌာနအဆင့်ရှိသည့် အဖွဲ့အစည်းပေါင်းဟာ (၅၆)ခု ရှိနေသည်ကို တွေ့ရပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဝန်ကြီးဌာနပေါင်း (၂၂)ခု ဖွဲ့စည်းထားပြီး ဘုတ်အဖွဲ့နှင့်ကော်မရှင် (၂၀)ရှိသည့်အတွက် ဝန်ကြီးဌာနအဆင့် အဖွဲ့အစည်းပေါင်း (၄၂)ခုဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့အတူ ထိုင်းနိုင်ငံ၌ ဝန်ကြီးဌာန (၃၅)ခု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဝန်ကြီးဌာန (၃၇)ခု ဖွဲ့စည်းဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယနေ့ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်သွင်းသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာန (၃၄)ဌာန ဖွဲ့စည်းရန် သတ်မှတ်ခြင်းသည် အပိုအလိုမရှိပါကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ ဆွေးနွေးတင်ပြချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးသိန်းစိန်က ပြန်လည်ရှင်းလင်းပြောကြားရာတွင် ယမန်နေ့က ပြည်ထောင်စုလွှတ်တော်ကို တင်ပြခဲ့သည့် ပြည်ထောင်စု အစိုးရဝန်ကြီးဌာန အရေအတွက်နှင့် ပြည်ထောင်စုဝန်ကြီးဦးရေတို့နဲ့စပ်လျဉ်း၍ ယခုလို အပြုသဘောဆောင်သည့် ဆွေးနွေးချက်များကို ကြားသိရသည့်အတွက် ဝမ်းသာပါကြောင်း။

အဆိုပါ ဆွေးနွေးချက်များအပေါ် ပြန်လည်ပြီး ဆွေးနွေးတင်ပြခွင့်ပြုရန်လည်း နာယကကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြအပ်ပါကြောင်း။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးမြတ်ဉာဏစိုး၏ ဆွေးနွေးတင်ပြချက်နှင့်ပတ်သက်ပြီး ပြောကြားလိုပါကြောင်း၊ ဒေါက်တာဦးမြတ်ဉာဏစိုး၏ ဆွေးနွေးတင်ပြချက်မှာ အဓိကအားဖြင့် အချက်နှစ်ချက်ပါရှိပါကြောင်း၊ ပထမတစ်ချက်မှာ ဒေသဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားအရေးကို ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအဆင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာနအသစ် ဖွဲ့စည်းရန်ဖြစ်ပါကြောင်း၊ ဒုတိယအချက်မှာ ပြည်ထောင်စုဝန်ကြီးဌာန (၃၄)ဌာနအစား (၂၅)ဌာနအထိသာ ဖွဲ့စည်းရန် အပြုသဘောဆောင်ပြီး ဆွေးနွေးသွားခြင်းဖြစ်ပါကြောင်း။

ပထမအချက်နှင့်ပတ်သက်ပြီး ပြောရမည်ဆိုပါက တိုင်းရင်းသားရေးရာကိစ္စများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပါရှိသည့်အတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့များ ဖွဲ့စည်းထားရှိပါကြောင်း၊ ယင်းသို့ ဖွဲ့စည်းထားသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၌လည်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာနတစ်ခု ဖွဲ့စည်းထားပါကြောင်း၊ ၎င်းအပြင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရွေးချယ်ခံ တိုင်းရင်းသားရေးရာ ဝန်ကြီးများသည်လည်း ၎င်းအစိုးရအဖွဲ့မှာ ပါရှိပါကြောင်း၊ ၎င်းအဖွဲ့များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ပြီး တိုင်းရင်းသားရေးရာကိစ္စများကို ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ပြည်ထောင်စုအဆင့်မှာ ဖွဲ့စည်းထားသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအနေနှင့်လည်း လိုအပ်လျှင် လိုအပ်သလို ၎င်းအဖွဲ့များနှင့် တိုက်ရိုက်ထိတွေ့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း။

ဒုတိယအချက်ကတော့ ဝန်ကြီးဌာန (၃၄)ဌာနမှနေ၍ ဝန်ကြီးဌာန (၂၅)ဌာနအထိ လျှော့ချဖွဲ့စည်းရန်ကိစ္စဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများ တိုးချဲ့ဖွဲ့စည်းရေး၊ ဝန်ကြီးများ တိုးချဲ့ဖွဲ့စည်းရေး၊ လျှော့ချရေး စသည့်ကိစ္စများသည် ပုံသေသဘောမျိုးမဟုတ်ပါကြောင်း။

တိုင်းပြည်အတွက် လုပ်ဆောင်ရန် လိုအပ်သည့်လုပ်ငန်း၏ လိုအပ်ချက်အရ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန အနည်းအများသည် နိုင်ငံတော်အတွက် လုပ်ရမည့် လုပ်ငန်းတာဝန်အနည်းအများပေါ်၌ တွက်ဆပြီး တင်ပြခြင်းဖြစ်ပါကြောင်း၊ အချို့ဝန်ကြီးဌာနများကို ဝန်ကြီးတစ်ဦးတည်း တာဝန်ယူလုပ်မှ ထိထိရောက်ရောက် လုပ်နိုင်မှာဖြစ်သကဲ့သို့ အချို့ဝန်ကြီးဌာနများမှာ ဝန်ကြီးတစ်ဦးတည်းက ဝန်ကြီးဌာနနှစ်ခုလောက် တွဲကိုင်ပြီး နိုင်နိုင်နင်းနင်း လုပ်နိုင်မှာဖြစ်သည့်အပြင် တိုင်းပြည်အတွက်လည်း ဝန်ထုပ်ဝန်ပိုး မဖြစ်စေလိုသည့်ဆန္ဒနဲ့ ယခုကဲ့သို့ ဝန်ကြီးဌာန (၃၄)ဌာနနှင့် ဝန်ကြီးဦးရေ ၃၀ဦးကို တင်ပြရခြင်းဖြစ်ပါကြောင်း၊ ဆွေးနွေးပေးကြသည့် ကိုယ်စားလှယ်ကြီးများကိုလည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးမြတ်ဉာဏစိုးက ထပ်မံတင်ပြဆွေးနွေးရာတွင် လက်ရှိ ဖွဲ့စည်းလည်ပတ်နေသည့် ဝန်ကြီးဌာနများကို စုစည်းလိုက်မည် သို့မဟုတ် အသစ်ထပ်မံဖွဲ့စည်းမည်ဆိုပါက များစွာသော အခက်အခဲများ ရုတ်ချည်းကြုံတွေ့ရမည်ဆိုသည်ကို နားလည်သဘောပေါက်ပါကြောင်း။

ယခု ကျွန်တော်တင်ပြခဲ့ရသည့် အခြေအနေကလည်း နောင်လာလတ္တံ့သော အစိုးရအဖွဲ့များ၊ လွှတ်တော်များကို ကြိုတင် တင်ပြထားခြင်းသာဖြစ်ပါကြောင်း။

ကျစ်လျစ်ခိုင်မာသည့် အစိုးရတစ်ရပ်ကို ဖွဲ့စည်းနိုင်မည်ဆိုပါက လုပ်ငန်းဆောင်တာများ ပိုမိုသွက်လက်စွာ ဆောင်ရွက်နိုင်မည်ဟု ယူဆသည့်အတွက် တင်ပြခဲ့ခြင်းဖြစ်ပါကြောင်း၊

သို့သော် ယခုကဲ့သို့ သမ္မတကြီးမှ ပြန်လည်ဆွေးနွေး ပြောကြားခဲ့ခြင်းအပေါ်မှာရော၊ တိုင်းရင်းသားလူမျိုးရေးရာ ကိစ္စရပ်များအတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများမှ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများသာမက အခြားဝန်ကြီးအဆင့် ပုဂ္ဂိုလ်များကိုပါ တာဝန်ပေးအပ်မည်ဆိုသည်ကိုပါ ကြိုတင်မသိရှိခဲ့သည့်အတွက် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာနတစ်ခု အသစ်ဖွဲ့စည်းပေးရန် တင်ပြခဲ့ခြင်းဖြစ်ပါကြောင်း၊

လက်ရှိမြန်မာနိုင်ငံတော်သည် ခေတ်တစ်ခေတ်သို့ ကူးပြောင်းသွားပြီဖြစ်ရာ ဒီမိုကရေစီကျင့်စဉ်ကျင့်ထုံးများနှင့်အညီ ယခုလို ဆွေးနွေးတင်ပြခွင့်ရရှိခဲ့ခြင်း၊ သမ္မတကြီးကိုယ်တိုင် အလေးထား ပြန်လည်ဖြေကြားပေးခဲ့ခြင်းများအတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊

သမ္မတကြီး၏ ရှင်းလင်းပြောကြားချက်များမှာ အင်မတန်ပြီးပြည့်စုံသည့်အတွက် ကျွန်တော်၏ ဆွေးနွေးတင်ပြချက်ကို ပြန်လည်ရုပ်သိမ်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာန (၃၄)ဌာန သတ်မှတ်ခြင်းကို အဆုံးအဖြတ်ရယူရန် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များက စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကတင်ပြသော ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာန (၃၄)ဌာန သတ်မှတ်ခြင်းအပေါ် ထောက်ခံမဲ (၆၁၂)မဲ၊ ကန့်ကွက်မဲ (၅)မဲ၊ ကြားနေမဲ (၁၂)မဲဖြစ်သည့်အတွက် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာန (၃၄)ဌာန သတ်မှတ်ခြင်းကို ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသည့် ပြည်ထောင်စုဝန်ကြီး (၃၀)ဦး သတ်မှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရန် ပြည်ထောင်စုလွှတ်တော်နာယကက ဖိတ်ခေါ်သည်။

ထို့နောက် ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားသည့် ချင်းပြည်နယ် ဖလမ်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိန်းက ဆွေးနွေးရာတွင် ဝန်ကြီးဌာန (၃၄)ခုသတ်မှတ်ပြီး ဝန်ကြီးဦးရေ (၃၀) သတ်မှတ်ချက်အပေါ် ပြန်လည်ဆွေးနွေးတင်ပြလိုပါကြောင်း၊ ဝန်ကြီးဌာနတစ်ခုစီအတွက် ဝန်ကြီးတစ်ပါးစီ ခန့်ထားပေးမည်ဆိုပါက နိုင်ငံတော်၏ လုပ်ငန်းဆောင်တာအဝဝ၌ ပိုမိုသွက်လက်လျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဟု မျှော်လင့် ယုံကြည်သည့်အတွက် တင်ပြရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနတစ်ခုတိုင်း၌ ဝန်ကြီးတစ်ပါးစီ ခန့်ထားသင့်သည်ဟု ဆွေးနွေးတင်ပြလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားသည့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးမြတ်ဉာဏစိုးက ဆွေးနွေးရာတွင် ယခု တင်ပြချက်များသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နေချိန်တွင်

လက်မှတ်ရေးထိုး

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

ကျစ်ကျစ်လျစ်လျစ်နှင့် ရှေ့ကို အရှိန်အဟုန် မြင့်မြင့်သွားနိုင်ရန် ရည်ရွယ်ရင်းဖြစ်ပါကြောင်း။

ယနေ့ခေတ်သည် နည်းပညာရပ်များထွန်းကားလာသည့် နည်းပညာခေတ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စွမ်းအားအရင်းအမြစ်များကို အကျိုးရှိရှိ ထိထိရောက်ရောက် ကျစ်ကျစ်လျစ်လျစ် အသုံးချနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဦးရေ (၃၀) အစား (၂၅) ဦးအဖြစ် သတ်မှတ်သင့်ပါကြောင်းကို အဆိုပြုတင်ပြခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့သော် ပထမပိုင်းဆွေးနွေးချက်၌ နိုင်ငံတော်သမ္မတကြီးအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ သမ္မတကြီးဦးသိန်းစိန် ဆွေးနွေးရှင်းပြခဲ့သည့်အတိုင်း ပြည်ထောင်စုဝန်ကြီးတစ်ဦးအနေဖြင့် တစ်ခုထက်ပိုသော ဝန်ကြီးဌာနများကို ကိုင်တွယ်ဆောင်ရွက်နိုင်မည်ဆိုသည်ကိုလည်း ယုံကြည်ပါကြောင်း။

သမ္မတကြီးတင်ပြလာမည့် အမည်စာရင်းများထဲတွင် အုပ်ချုပ်ရေးယန္တရားများ၌ ပိုင်နိုင်ကျွမ်းကျင်စွာဆောင်ရွက်နိုင်မည့် အုပ်ချုပ်ရေးဆိုင်ရာ အတွေ့အကြုံ ပြည့်ဝပိုင်နိုင်သူပုဂ္ဂိုလ်များ ပါရှိလာမည်ဆိုသည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျွန်တော်ပထမအဆိုပြုတင်ပြခဲ့သည့် ပြည်ထောင်စုဝန်ကြီး (၂၅) ဦး သတ်မှတ်ချက်အစား သမ္မတကြီး အဆိုပြုတင်ပြခဲ့သည့် ပြည်ထောင်စုဝန်ကြီးဦးရေ (၃၀) ဦး သတ်မှတ်ချက်သည် လျော်ကန်သင့်မြတ်ပါကြောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအပ်ပါကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်လာကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

ယင်းနောက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးသိန်းစိန်က ပြန်လည်ရှင်းလင်းပြောကြားရာတွင် ယမန်နေ့က ပြည်ထောင်စုလွှတ်တော်ကိုတင်ပြခဲ့သည့် ပြည်ထောင်စု အစိုးရဝန်ကြီးဌာန (၃၄)ဌာန၊ ဝန်ကြီးဦးရေ (၃၀)ဦးနှင့်ပတ်သက်ပြီး အပြုသဘော ဆွေးနွေးသွားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား ကျေးဇူးတင်ရှိပါကြောင်း။

ဦးခွန်လိန်း၏ ဆွေးနွေးတင်ပြချက်မှာ ဝန်ကြီးဌာန (၃၄)ဌာနရှိသည့်အတွက် ဝန်ကြီးဌာနတိုင်း၌ ဝန်ကြီးတစ်ပါးစီခန့်ထားပေးရန် အဓိကဆွေးနွေးသွားခြင်းဖြစ်ပါကြောင်း၊ ၄င်းကိစ္စနှင့်ပတ်သက်ပြီး စောစောက ဒေါက်တာဦးမြတ်ညဏစိုး၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းပြဆွေးနွေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနတိုးခြင်း၊ လျှော့ခြင်းစသည့် အချက်များသည် ပုံသေကားကျ သတ်မှတ်ထားခြင်းမျိုးမဟုတ်ပါကြောင်း၊ ဝန်ကြီးဌာန အနည်း၊ အများသည် နိုင်ငံတော်အတွက် လုပ်ရမည့် လုပ်ငန်းတာဝန်များကို နိုင်နိုင်နင်းနင်း လုပ်နိုင်၏၊ မလုပ်နိုင်၏အပေါ်၌သာ တွက်ဆပြီး တင်ပြခြင်းဖြစ်ပါကြောင်း၊ အချို့ဝန်ကြီးဌာနများကို ဝန်ကြီးဌာနအလိုက် တစ်ဦးချင်း အရေးကြီးလျှင်ကြီးသလို တာဝန်ယူပြီး ထိထိရောက်ရောက် လုပ်ရမှာဖြစ်သကဲ့သို့ အချို့ဝန်ကြီးဌာနများမှာလည်း ဝန်ကြီးတစ်ဦးတည်းနှင့် ဌာနနှစ်ခုတွဲကိုင်ပြီး နိုင်နိုင်နင်းနင်း လုပ်နိုင်သည့်အခြေအနေရှိပါကြောင်း။

နိုင်နိုင်နင်းနင်း လုပ်နိုင်သည့်အခြေအနေရှိသည့်အပြင် တိုင်းပြည်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေလိုသည့်ဆန္ဒနှင့် ဝန်ကြီးဌာန (၃၄)ဌာနအတွက် ဝန်ကြီးဦးရေ (၃၀) ကို တင်ပြရခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ဆွေးနွေးအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စုဝန်ကြီး(၃၀)ဦး သတ်မှတ်ခြင်းကို အဆုံးအဖြတ်ရယူရန် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးကြသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စုဝန်ကြီး (၃၀)ဦး သတ်မှတ်ခြင်းအပေါ် ထောက်ခံမဲ (၆၁၅)မဲ၊ ကန့်ကွက်မဲ(၇)မဲ၊ ကြားနေမဲ(၁၄)မဲ ဖြစ်သည့်အတွက် ပြည်ထောင်စုဝန်ကြီး (၃၀)ဦး သတ်မှတ်ခြင်းကို ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ အစီအစဉ်အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ယနေ့တင်ပြသော ပြည်ထောင်စု ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်(၃၀) ဦးမှာ -

(၁) ဒုတိယဗိုလ်ချုပ်ကြီးကိုကို
(၂) ဗိုလ်ချုပ်လှမင်း
(၃) ဗိုလ်ချုပ်သိန်းဌေး
(၄) ဦးဝဏ္ဏမောင်လွင်
(၅) ဦးမြင့်လှိုင်
(၆) ဦးကျော်ဆန်း
(၇) ဝဏ္ဏကျော်ထင်ဦးဝင်းမြင့်
(၈) ဦးတင့်ဆန်း
(၉) ဦးခင်မောင်မြင့်

ချင်းပြည်နယ် ဖလမ်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိန်း ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

(၁၀) ဦးသိန်းထွန်း
(၁၁) ဦးလှထွန်း
(၁၂) ဦးသိန်းထိုက်
(၁၃) ဦးညဏ်ထွန်းအောင်
(၁၄) ဦးတင်နိုင်သိန်း
(၁၅) ဦးဝင်းထွန်း
(၁၆) ဦးအောင်ကြည်
(၁၇) ဦးအုန်းမြင့်
(၁၈) ဦးကျော်စွာခိုင်
(၁၉) ဦးစိုးသိန်း
(၂၀) ဦးသန်းဌေး
(၂၁) ဦးအောင်မင်း
(၂၂) ဒေါက်တာမြအေး
(၂၃) ဒေါက်တာဖေသက်ခင်
(၂၄) ဦးအေးမြင့်
(၂၅) သူရဦးမြင့်မောင်
(၂၆) ဦးခင်ရီ
(၂၇) ဦးဇော်မင်း
(၂၈) ဦးခင်မောင်စိုး
(၂၉) ဦးသိန်းညွှန့်
(၃၀) ဦးစိုးမောင် တို့ဖြစ်ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်တစ်ဦးဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (က)တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ကန့်ကွက်နိုင်ကြကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးမည့် ပုဂ္ဂိုလ်များ၏ အရည်အချင်းနှင့်စပ်လျဉ်း၍ စိစစ်နိုင်ရန် ၄င်းတို့၏ ကိုယ်ရေးအချက်အလက်များကို သက်ဆိုင်ရာပါတီအလိုက် ဆက်သွယ်ရန် တာဝန်ပေးထားသည့် ကိုယ်စားလှယ်များက ယနေ့ညနေပိုင်းတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဖေဖော်ဝါရီ ၁၀ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီမတိုင်မီ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြရန်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က တတိယနေ့အစည်းအဝေးကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ကနေဒါနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာရှွန်ဟောဖ်မန်းအား ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကနေဒါနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာရှွန်ဟောဖ်မန်းအား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ရှွန်ဟောဖ်မန်းသည် ၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာ ၁၂ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် မန်နီတိုဘာတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (ဂုဏ်ထူး) ကိုလည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် ကာလန်တန်တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးရာ မဟာဝိဇ္ဇာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ ၄င်းသည် ၁၉၈၅ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ အွန်တာရီယိုပြည်နယ်အစိုးရ ပတ်ဝန်းကျင်ရေးရာ ဝန်ကြီး၏ အထူးလက်ထောက်အဖြစ်လည်းကောင်း၊ ၁၉၈၇ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ အွန်တာရီယိုပြည်နယ်အစိုးရ ဝန်ကြီးချုပ်ရုံး၏ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ မူဝါဒရေးရာ အကြံပေးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၄င်းသည် ၁၉၈၉ ခုနှစ်တွင် ကနေဒါနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့သည်။ ၄င်းသည် ကနေဒါနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် သည်ဟော့မြို့၊ ပေကျင်းမြို့၊ ကာဘူးလ်မြို့တို့ရှိ ကနေဒါသံရုံးတို့တွင် လည်းကောင်း၊ ဂျိုဟန်နက်ဘတ်မြို့နှင့် လန်ဒန်မြို့တို့ရှိ ကနေဒါနိုင်ငံ မဟာမင်းကြီးရုံးတို့တွင်လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ ၄င်းသည် ၂၀၀၉ ခုနှစ် ဩဂုတ်မှ စတင်၍ ထိုင်းနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီးအဖြစ် ထမ်းဆောင်လျက်ရှိသည်။

မစ္စတာရှွန်ဟောဖ်မန်းသည် ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကနေဒါသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၄င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သမီးနှစ်ဦးရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

တက်ရောက်

ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်လာကြစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၂-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ဓေဂ္ဂသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **စိတ္တဝိသုဒ္ဓိ** တရားတော် (သဇင်ရေကျော်ဆရာတော် အရှင်ဉာဏောဘာသ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၀)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၇)
၈:၃၅ လပြည့်ဝန်းသို့ တမ်းချင်းည Live Show (Part-11)
၉:၁၀ Activities in the City [ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)၏သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ]
၉:၂၀ အသွင်ပြောင်းစေမည့် Fiber Tech
၉:၃၀ Science For All (ကမ္ဘာမြေကြီးကိုကယ်တင်စို့) (အပိုင်း-၁) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၉:၅၅ Activities in the City (547 Trading နှင့်မိတ်ဖက်ကုမ္ပဏီများ၏အထူးဈေးရောင်းပွဲတော်စာနယ်ဇင်းရှင်းလင်းပွဲ)
၁၀:၀၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **မိန်းမယူမယ်ဆိုရင်စဉ်းစားဖို့လိုမယ်**
၁၀:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၀၀ Champion Construction Material Mall(မန္တလေး)ဖွင့်ပွဲ အခမ်းအနား
၁၁:၂၅ ရန်ကုန်မြင်ကွင်းကျယ် (East Point Shopping Center ရဲ့ New Year, New You Fashion Specials)
၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၀ သာယာဖွံ့ဖြိုး... တိုးတက်ဝေစည်.. ဧည့်ဝတီ
၁၂:၃၅ ရွှေဟသာ်အမည်ဆန်းနှင့် တောင်ခြေစခန်းဟိုတယ်
၁:၀၀ **စိတ္တဝိသုဒ္ဓိ** တရားတော် (သဇင်ရေကျော်ဆရာတော် အရှင်ဉာဏောဘာသ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ MRTV-4 အစီအစဉ်တင်ဆက်သူ ရွေးချယ်ပွဲ (အပိုင်း-၆)
၃:၀၀ ILBC Arts & Science Fair (2011)
၃:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၀)
၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၇)
၄:၄၀ မုဒိတာတန်ဖိုးနည်းကွန်ဒိုအိမ်ရာ စီမံကိန်းစာနယ်ဇင်းရှင်းလင်းပွဲ
၄:၅၀ ခါတ်ပုံထဲမှ အမှတ်တရများ (ဆင်ပေါက်)
၅:၂၅ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ ဝန်ဆောင်မှုမြင့်မား ကမ္ဘာ့လေကြောင်းလိုင်းများ Bangkok Airways
၆:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၁)
၇:၁၅ Style ရှိမှ Star ဖြစ်မယ်
၈:၀၀ MRTV-4 သတင်း
၈:၃၀ သွေးချင်းတို့၏စုပေါင်းအားနှင့် နိုင်ငံတော်၏အနာဂတ်
၈:၄၀ စကားနပန်း **(လျှို့ဝှက်တာကောင်းတယ်၊ မလျှို့ဝှက်တာကောင်းတယ်)**
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၈)
၁၀:၁၀ အားကစားမြင်ကွင်းစုံ (အားကစားနှင့်ဖက်ရှင်) (အပိုင်း-၂) (လူမင်း၊ ဖြိုးငွေစိုး၊ ဝေမင်းမောင်)
၁၀:၃၅ သမိုင်းဂုဏ်ဝင့်ကြွား... မြို့ရွှေဘို၏ အလှဟန်များ
၁၀:၅၀ အနုပညာမိုးကောင်းကင်
၁၁:၁၀ ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့် သစ်ခွဥယျာဉ်ကမ္ဘာ
၁၁:၂၅ သင်ယူလေ့လာဂီတပညာ (Part-9) (Minor Key)
၁၁:၄၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ပုလဲ Milk Shake ပြုလုပ်နည်း)
၁၁:၅၀ ဈေးဝယ်လမ်းညွှန် (Bloom)
၁၂:၁၅ ဖြစ်ထွန်းအောင်မြင်... စိုက်ပျိုးဥယျာဉ် (စပျစ်)
၁၂:၃၅ ထာဝစဉ်ရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (စာရေးဆရာကြပ်ကလေး)
၁၂:၅၅ ရှောင်လေဝေးဝေး အရက်ဘေး
၁:၀၀ Box Office Movies (The Curious Case of Benjamin Button)
၁:၄၅ မီးမီးရဲ့ဆုံးဖြတ်ချက် (နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဉ္ဇာဦး၊ နေလ၊ ပြည့်ဖူးခိုင်၊ အောင်ဟိန်း) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၁:၅၅ နယည်ဆန်းထွင်ပန်းအလှဆင် ("S" ပုံသဏ္ဌာန်ပန်းအိုးထိုးနည်း)
၂:၂၅ ဒို့တိုင်းဌာနီဧရာဝတီ (ဥတိုပေါ်ဆန်းစပါး)
၂:၅၀ **ဘယ်သူ့ကိုအချစ်ဆုံးလဲ** တေဇ၊ ခိုင်ပွင့်၊ မင်းသူ၊ ထွန်းထွန်းအောင်၊ မေသန်းနု၊ ဖိုးသောကြာ၊ ပပဝင်းခင် [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၃:၀၅ ကဏ္ဍစုံလင်အားကစား အစီအစဉ်
၄:၀၅ စိုက်ပျိုးဝေဆာတို့မြေမှာ (မှိုစိုက်ပျိုးနည်း)
၄:၂၀ ကြည်ညိုဖူးမြော်ပုပ္ပား တောင်ကလပ်စေတီတော်
၄:၄၀ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေး ဥယျာဉ်မှာ ပန်းလှရောင်စုံဖြာ
၄:၅၀ PEACE OF MIND (စိတ်ငြိမ်းအေးသော) (ဒါရိုက်တာ-ကြည်ဖြူသျှင်)
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုများ

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	စိုက်ပျိုးမြေဧရိယာ	ဧက	၈၂၅၈၄၉	၁၅၅၀၉၀၆	၇၂၅၀၅၇
၂	ဆည်တမံ	ခု	-	၁၅	၁၅
၃	မြစ်ရေတင်လုပ်ငန်း	ခု	-	၇	၇
၄	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	-	၆၁.၆၆	၆၁.၆၆
၅	ရထားသံလမ်း	မိုင်	၂၈၃	၂၉၃	၁၀
၆	ကားလမ်း	မိုင်	၅၀၂	၉၂၄	၄၂၂
၇	လေယာဉ်ကွင်း	ခု	၁	၂	၁
၈	ပေ(၁၈၀)အထက်တံတား	စင်း	၁၉	၂၉	၁၀
၉	စာတိုက်စခန်း	ခု	၅၈	၆၄	၆
၁၀	ကြေးနန်းရုံး	ရုံး	၃	၁၉	၁၆
၁၁	တယ်လီဖုန်းရုံး	ရုံး	၁၁	၃၄	၂၃
၁၂	မိုက္ကရိုဝေ့ဗ်စခန်း	ခု	၇	၉	၂
၁၃	ရေအားလျှပ်စစ်စက်ရုံ	ရုံ	-	၁	၁
၁၄	နိုင်ငံပိုင်စက်ရုံ	ရုံ	၁၃	၁၇	၄
၁၅	ပုဂ္ဂလိကစက်ရုံ	ရုံ	၁၁၂၄	၂၂၄၄	၁၁၂၀
၁၆	အခြေခံပညာကျောင်း	ကျောင်း	၁၂၀၅	၁၃၆၃	၁၅၈
၁၇	ပညာရေးကောလိပ်	ခု	-	၁	၁
၁၈	နည်းပညာတက္ကသိုလ်	ခု	-	၁	၁
၁၉	ကွန်ပျူတာတက္ကသိုလ်	ခု	-	၁	၁
၂၀	ဆေးရုံ	ရုံ	၂၀	၃၁	၁၁

ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင် မွန်ပြည်နယ်တစ်ခွင်

● *ကျော်ဖုံးမှ*

စစ်တောင်းမြစ်ဝနှင့် သံလွင်မြစ်အကြားတွင် ကမ်းရိုးတန်းလွင်ပြင်များရှိခြင်း၊ စစ်တောင်းမြစ်၊ ဘီးလင်းမြစ်၊ အတ္တရံမြစ်၊ ဂျိုင်းမြစ်၊ သံလွင်မြစ်နှင့်ရေးမြစ်များ ဖြတ်သန်းစီးဆင်းလျက်ရှိခြင်းတို့ကြောင့် ရေ၊ မြေ၊ သဘာဝ ရာသီဥတုကောင်းမွန်ပြီး စိုက်ပျိုးစွမ်းအားများ ထွန်းကားသည်။ ဤသို့ ရေခံ၊ မြေခံ စသည့်အခြေခံကောင်းများ ရှိသော်လည်း အတိတ်တစ်ချိန်က နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုမရှိသည့် ဆိုးမွေကြောင့် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျခဲ့ရသည်။

ယနေ့အချိန်ကာလတွင် နိုင်ငံတော်၏ မှန်ကန်သည့် သဘောထားရပ်တည်ချက်၊ ဖြူစင်သည့် စိတ်ရင်း စေတနာများကို နားလည်လက်ခံလာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြပြီး မိမိနယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့် ဒေသခံပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းပါဝင် ဆောင်ရွက်လာကြသည်။

တည်ဆောက်

မွန်ပြည်နယ်ကို အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများနည်းတူ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ယခင်က ဆည်တမံများ မရှိခဲ့ရာမှ ယခုအခါ ဆည်တမံ ၁၅ ခု အထိ ရှိလာသည်။ ယခင်က ကားလမ်းမိုင် ငါးရာကျော်သာရှိခဲ့ရာမှ ယခုအခါ မိုင်ကိုးရာကျော်အထိ ရှိလာသည်။ ယခင်က ပေ(၁၈၀)နှင့် အထက် တံတား ၁၉ စင်းသာရှိခဲ့ရာမှ ယခုအခါ ၂၉ စင်းအထိရှိလာသည်။ ယခင်က ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမရှိခဲ့ရာမှ ယခုအခါ စက်ရုံတစ်ရုံရှိလာသည်။ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများလည်း သိသိသာသာ တိုးပွားလာသည်။ ယခင်က လုံးဝမရှိခဲ့သည့် ပညာရေးကောလိပ်၊ နည်းပညာ တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များကိုလည်း တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ပြည်နယ်အတွက် လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်ပေါ်ထွက်လာသည်။

ယင်းသို့ နိုင်ငံတော်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်အောင် ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် ဒေသဖွံ့ဖြိုးတိုးတက် မှုများ ကဏ္ဍအလိုက် အောင်မြင်ဖြစ်ထွန်းလျက်ရှိနေပါကြောင်း မွန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများက သက်သေပြလျက်ရှိသည်။ ။

စာမျက်နှာ ၇ သို့

မြန်မာနိုင်ငံ မြောက်နှင့်တောင် လမ်းပန်းဆက်သွယ်မှုကို အရေးပါသည့်အခန်းကဏ္ဍမှ ထိထိရောက်ရောက် ထောက်ကူပံ့ပိုးဖော်ဆောင်ပေးနေသော သံလွင်တံတား (မော်လမြိုင်)။

10-2 (06).pmd 1 2/10/2011, 2:50 AM

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

စာမျက်နှာ ၆ မှ

မြို့နေလူထုအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေနေသည့် မွန်ပြည်နယ် သထုံမြို့က ဝါးပါးရေလှောင်တမံ။

မုတ္တမမြို့ရှိ ဒစ်ဂျစ်တယ်အိတ်ချိန်းကလည်း မွန်ပြည်နယ်ဘက်စုံဖွံ့ဖြိုးလာမှု၏ သာဓက အဖြစ် ဖော်ညွှန်းလျက်ရှိသည်။

မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းများ

စဉ်	အကြောင်းအရာ	တည်နေရာ	မှတ်ချက်
၁	ကတိုက်ရေလှောင်တမံ (တည်ဆောက်ဆဲ)	ပေါင်မြို့နယ်	ဧက ၁၀၀၀၀
၂	ကတွန်ရေထိန်းတံခါး (တည်ဆောက်ဆဲ)	ပေါင်မြို့နယ်	ဧက ၂၀၀၀၀
၃	ဆံတော်တောင်ရေလှောင်တမံ (တည်ဆောက်ဆဲ)	ပေါင်မြို့နယ်	ဧက ၂၀၀၀၀
၄	မြိုင်ကလေး-ဇာသပြင်-မော်လမြိုင် လမ်းအဆင့်မြှင့်	မွန်ပြည်နယ်	ဆောင်ရွက်ဆဲ
၅	ရေအားလျှပ်စစ်စီမံကိန်း	ဘီးလင်းမြို့နယ်	မဂ္ဂါဝပ် ၂၈၀
၆	ရေအားလျှပ်စစ်စက်ရုံ	ဘီးလင်းမြို့နယ် (ဖျက်တောချောင်း)	မဂ္ဂါဝပ် ၁၀

နည်းပညာတက္ကသိုလ် (မော်လမြိုင်)

လူ့စွမ်းအားအရင်းအမြစ်များ နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသော နည်းပညာတက္ကသိုလ် (မော်လမြိုင်)ကို ဤသို့ ခံ့ထည်စွာ တွေ့ရသည်။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး
(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး
(၆၄)နှစ်မြောက် ပြ

ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ဖော်ဆောင်မည့်ပေါ်ထွန်းမည်



လွန်ခဲ့သော ၁၇ နှစ်ကာလ ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံ စတင်ကျင်းပချိန်က သတင်းစာမှာ ဆောင်းပါးတစ်ပုဒ်ရေးခဲ့ပါတယ်။ **အမျိုးသားညီလာခံမသွေမဖည်အောင်ရမည်** ဆိုတဲ့ခေါင်းစဉ်နဲ့ပါ။ မည်သည့် အတားအဆီးများရှိနေပါစေ လုံးဝအောင်မြင်ပြီး အမျိုးသားညီလာခံက ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲနိုင်မယ်ဆိုတဲ့ အတိတ်နိမိတ်ကို ဆောင်ခဲ့ပါတယ်။ အခုလည်း ကျွန်တော်တို့နိုင်ငံအနေနဲ့ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ လွှတ်တော်အရပ်ရပ် ဖွဲ့စည်းနိုင်ဖို့ ရွေးကောက်ပွဲကြီးကို အေးချမ်းတည်ငြိမ် အောင်မြင်စွာကျင်းပခဲ့ပြီးဖြစ်ပါတယ်။ အေးချမ်းတည်ငြိမ် အောင်မြင်စွာနဲ့ဆိုတာ အရမ်းကာရော ပြောတာမဟုတ်ပါဘူး။ နိုင်ငံတကာအခြေအနေတွေ၊ လက်ရှိတချို့သော နိုင်ငံတွေမှာ ရွေးကောက်ပွဲကျင်းပပြီး ဖြစ်ပေါ်နေတဲ့အခြေအနေတွေနဲ့ နှိုင်းယှဉ်ပြီးပြောတာပါ။ ဆက်လက်ပြီး လွှတ်တော်အရပ်ရပ် အစည်းအဝေးတွေကိုလည်း ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ရက်နေ့ နံနက် ၈ နာရီ ၅၅ မိနစ်အချိန်ကစပြီး တစ်ပြိုင်တည်းကျင်းပနေပါပြီ။ အပြန်အလှန် ထိန်းကျောင်းမှုစနစ်ပါဝင်ပြီး ခေတ်ကာလ၊ သမိုင်းကြောင်း၊ နိုင်ငံအခြေအနေတွေနဲ့ ကိုက်ညီစွာရေးဆွဲအတည်ပြုကာ ပြည်သူအများတစ်ခဲနက် ထောက်ခံအတည်ပြုပေးခဲ့တဲ့ ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ထောင်ကြတော့မှာပါ။

ဒီလိုတည်ထောင်သွားမယ့်အချိန်မှာ ဒေသတွင်းစီးပွားရေးအခြေအနေကောင်းတဲ့နိုင်ငံတွေနဲ့ ရင်ပေါင်တန်းနိုင်ဖို့ မြန်နိုင်သမျှမြန်မြန်ဖြစ်ဖို့ အရေးကြီးပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာပဲကြည့်မယ်ဆိုရင် ပါတီစုံကျင့်သုံးတဲ့ နိုင်ငံတွေရှိသလို တစ်ပါတီစနစ်နဲ့ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတွေလည်း ရှိနေတာတွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံကို ကြည့်မယ်ဆိုရင်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အခြေခံကောင်းတွေ၊ အခြေအနေကောင်းတွေ ဒုနဲ့ဒေးပြည့်နှက်နေတာကို တွေ့ရမှာပါ။ စည်းလုံးညီညွတ်ဖို့က အဓိကနေရာမှာရှိပါတယ်။ မင်းသားကြီးမလုပ်ရရင် ပတ်မကြီးကို ထိုးဖောက်မယ်ဆိုတဲ့ ကြံရွယ်ချက်မျိုးကတော့ တိုင်းချစ် ပြည်ချစ် မျိုးချစ်စိတ်ရှိတဲ့သူတွေအနေနဲ့ ဘယ်သောအခါမှ လုပ်ကြမှာမဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံအနေနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အခြေအနေကောင်းတွေရှိနေသလို ထူးခြားတဲ့အခြေအနေတွေလည်းရှိနေတဲ့ နိုင်ငံပါ။ ထူးခြားတဲ့ ပြည်ထောင်စုနယ်မြေတွေကို တိုင်းရင်းသားလူမျိုးများစွာနဲ့ဖွဲ့စည်းထားတဲ့နိုင်ငံ ဖြစ်တဲ့အပြင် နှစ်ပေါင်းတစ်ရာကျော် ကျွန်ဖြစ်ခဲ့ပြီး သွေးခွဲအုပ်ချုပ်ခံခဲ့ရတဲ့ ဒဏ်ရာဒဏ်ချက်တွေလည်း ရှိခဲ့ပါတယ်။ ဒါကြောင့် ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ အလွန်ပဲအရေးကြီးတဲ့နေရာကပါဝင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

၁၉၈၈ ခုနှစ်က နိုင်ငံတော်ရဲ့ အခြေအနေအရ တပ်မတော်က နိုင်ငံတော်ကို တာဝန်ယူခဲ့ရပြီးတဲ့နောက် နိုင်ငံငြိမ်ဝပ်ပိပြားဖို့ တစ်နည်းဥပဒေနဲ့အမိန့်တွေ ပြန်လည်ထိန်းသိမ်းတည်မြဲစေဖို့ ဦးစွာဆောင်ရွက်ခဲ့ရပြီး အခြေအနေပေးလာတာနဲ့အမျှ နိုင်ငံတော်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ဖို့ အခြေခံကောင်းတွေတည်ဆောက်ပေးခဲ့ပါတယ်။ ပတ်ဝန်းကျင်နိုင်ငံတွေနဲ့ယှဉ်ရင် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့ရတဲ့အတွက် အဘက်ဘက်က ပြန်လည်တိုးတက်စေဖို့ ဘဏ္ဍာငွေကြေးအပေါ်မူတည်ပြီး ကဏ္ဍစုံဆောင်ရွက်ခဲ့ရပါတယ်။ ဒီလိုအချိန်မှာ ကဏ္ဍအလိုက် အရေးကြီးရင်ကြီးသလို ဦးစားပေးဆောင်ရွက်ရတာဖြစ်ပြီး ကိုယ့်ခွန်ကိုယ့်အားနဲ့ တတ်စွမ်းသလောက် လုပ်ကိုင်ရတဲ့အတွက် ကဏ္ဍတိုင်းမှာပြီးပြည့်စုံတဲ့ အဆင့်မဟုတ်ပေမယ့် တိုးတက်ပြောင်းလဲမှုမရှိတဲ့ကဏ္ဍရယ်လို့ မရှိခဲ့ပါဘူး။ ဒါတောင်မှ တိုင်းပြည်စီးပွားရေးတိုးတက်အောင် နိုင်ငံတကာနဲ့ ကူးသန်းရောင်းဝယ်ရတဲ့အခါ နိုင်ငံရေးအရောင်ဆိုးထားတဲ့ စီးပွားရေးပိတ်ဆို့ တားဆီးမှုတွေကြောင့် တိုးတက်သင့်သလောက် မတိုးတက်ဘဲ ဖြစ်ခဲ့ရတာပါ။

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုတဲ့အချက်ကို စီးပွားရေးဦးတည်ချက်မှာ ထည့်သွင်းအကောင်အထည်ဖော်ခဲ့လို့ အခြေခံစားကုန်မပြတ်လပ်ဘဲ အဆင်ပြေခဲ့ပေမယ့် ပိတ်ဆို့မှုတွေကြောင့် ကူးသန်းရောင်းဝယ်မှုတွေ မချောမွေ့ဘဲ စိုက်ပျိုးရေးထွက်ကုန်တွေ နိုင်ငံတကာမှာ ဈေးကောင်းရဖို့ခက်ခဲပြီး တောင်သူလယ်သမားတွေရဲ့ ဘဝဖွံ့ဖြိုးတိုးတက်လာမယ့်အရေးကို ထိခိုက်စေခဲ့တာ အမှန်ပါပဲ။ တခြား စက်မှုကုန်ချောထွက်ကုန်တွေလည်း အမှာစာတွေ ပိတ်ပင်ခံရတော့ အလုပ်သမားတွေ အလုပ်ပြုတ်ခဲ့ရတာလည်း ဒုနဲ့ဒေးပါ။ မညီမညွတ်ကုန်းချောမယ့် ပုဆိန်ရိုးတွေရှိနေတော့လည်း ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ဖို့လမ်းကြောင်းပေါ်မှာ အကောင်အထည်ဖော်နေတာတောင်မှ ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံနဲ့ အုပ်စုတစ်စုက ပိတ်ဆို့အရေးယူခဲ့ပါတယ်။ ကုန်းချောမယ့်သူ ပုဆိန်ရိုးမရှိတဲ့တစ်ပါတီ ကွန်မြူနစ်နိုင်ငံလို နိုင်ငံမျိုးနဲ့ကျတော့ နိုင်ငံရေး၊ သံတမန်ရေး၊ စီးပွားရေးတွေ ကူးလူးဆက်သွယ် ဆက်ဆံနေတာ အထင်အရှားပါပဲ။ ဒီတော့ စနစ်ကြောင့်လား၊ ပယောဂတွေကြောင့်လားဆိုတာ ပေါ်လွင်ပါတယ်။

ကျွန်တော်တို့နိုင်ငံနဲ့ ရေမြေသယံဇာတ၊ လူဦးရေ၊ နည်းပညာပိုင်း၊ ဘဏ်ရည်စသဖြင့် မတိမ်းမယိမ်းရှိကြတဲ့ ဒေသတွင်းနိုင်ငံတချို့ဟာ ကျွန်တော်တို့နိုင်ငံထက် ဖွံ့ဖြိုးတိုးတက်နေတာကို လေ့လာကြည့်တဲ့အခါ ကွဲပြားများပြားတဲ့ လက်နက်ကိုင်ဆန့်ကျင်ဘက်အဖွဲ့တွေနဲ့ အချင်းချင်းကုန်းချောတဲ့ ပြည်တွင်းပြည်ပ ပုဆိန်ရိုးလိုလူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ လုံးဝမရှိတာ ဒါမှမဟုတ် အလွန်နည်းပါးတာကို တွေ့ရပါလိမ့်မယ်။

မောင်မန်းညို

ဒါကြောင့် စည်းလုံးညီညွတ်မှု အလွန်အရေးကြီးတယ်ဆိုတဲ့အချက်ကို ပြောတာပါ။ စစ်မှန်တဲ့မျိုးချစ်စိတ်ရှိသူတိုင်း ကိုယ့်နိုင်ငံ၊ ကိုယ့်တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေချင်ကြတာပါပဲ။ ဒါ့အပြင် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးရဲ့ အချုပ်အခြာအာဏာ၊ ဖန်တီးနိုင်ခွင့်တွေကို ထိပါးလာရင် ခေါင်းငုံ့မခံ တုံ့ပြန်ဆောင်ရွက်ကြတာပါပဲ။ လူမျိုးတိုင်းမှာ လူမျိုးမာန်ဆိုတာကတော့ ရှိကြစမြဲပါ။ ဒူးမထောက် လက်မမြှောက် အခက်အခဲကို ရင်ဆိုင်ကျော်လွှားပြီး ကိုယ့်အားကိုယ်ကိုးတဲ့ အစဉ်အလာရှိတာ မြန်မာပါ။ ပိတ်ဆို့တားဆီးမှုတွေကြားကပဲ ကျားကုတ်ကျားခဲ ကြိုးစားခဲ့တော့ လွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းပြည်ဝင်ငွေတွေ စံချိန်တင်ရရှိလာခဲ့ပါတယ်။ ဒီလိုဘဏ္ဍာငွေတွေရလာတော့လည်း တိုင်းပြည်အတွက်လိုအပ်ချက်တွေကို အစီအမံတွေချ စေတနာအပြည့်အဝနဲ့ အကောင်အထည်ဖော်တော့တာပါပဲ။ အရောင်မဆိုးဘဲ စေ့စေ့စပ်စပ် လေ့လာကြည့်မယ်ဆိုရင် ကိန်းဂဏန်းအရရော လက်တွေ့မျက်မြင်အခြေအနေမှာပါ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊

> **စစ်မှန်တဲ့ မျိုးချစ်စိတ်ရှိသူတိုင်း ကိုယ့်နိုင်**
> **တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေချင်ကြတာပါပဲ။**
> **ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးရဲ့ အချုပ်အခြာ**
> **ဖန်တီးနိုင်ခွင့်တွေကို ထိပါးလာရင် ခေါင်းငုံ့မခံ**
> **ဆောင်ရွက်ကြတာပါပဲ။ လူမျိုးတိုင်းမှာ လူမျိုးမ**
> **ကတော့ ရှိကြစမြဲပါ။ ဒူးမထောက် လက်မမြှောက်**
> **အခဲကို ရင်ဆိုင်ကျော်လွှားပြီး ကိုယ့်အားကိုယ်ကိုး**
> **အလာရှိတာ မြန်မာပါ။**

လျှပ်စစ်၊ စွမ်းအင် စတဲ့ ကဏ္ဍပေါင်းစုံတိုးတက်မှုတွေ အများအပြားတွေ့မြင်ရပါတယ်။ လူဦးရေတိုးတက်များပြားလာတာနဲ့အမျှဆက်လက်တိုးချဲ့ဆောင်ရွက်ရမယ့်ကဏ္ဍတွေလည်း ရှိပါသေးတယ်။ ပိတ်ဆို့အရေးယူမှုတွေ ကြားထဲကပဲ ဒီလိုတိုးတက်အောင် ဆောင်ရွက်ခဲ့ရတာဖြစ်ပြီး အားလုံးသာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိကြလို့ရှိရင် ဒီထက်မက တိုးတက်မှာ အသေအချာပါပဲ။

ဒီနေရာမှာ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးကဏ္ဍကို တင်ပြလိုပါတယ်။ နိုင်ငံတိုင်းမှာ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးအစီအမံတွေရှိကြပြီး အထူးလျှို့ဝှက်လုပ်ဆောင်ကြတာရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ခေတ်မီ တပ်မတော်တစ်ရပ်မရှိခဲ့လို့ တိုင်းတစ်ပါးကျွန်သပေါက် ဘဝ ရောက်ခဲ့ရဖူးတဲ့ သမိုင်းကြောင်းကို မေ့ထားလို့မရပါဘူး။ ဒီနေရာမှာ စောဒကတက်လိုသူတွေလည်း ရှိနိုင်ပါတယ်။ နိုင်ငံတကာအခြေအနေအရပ်ရပ်ဟာ ၁၉ ရာစု၊ ၂၀ ရာစုနဲ့ မတူတော့ဘူးဆိုပြီးတော့ အကြောင်းပြ စောဒကတက်နိုင်ပါတယ်။ ခေတ်သစ်ကိုလိုနီနယ်ချဲ့လုပ်ရပ်တွေကို ကာကွယ်တားဆီးနိုင်ဖို့ဆိုတာ ကိုယ့်အင်ကိုယ့်အားနဲ့ပဲ ဆောင်ရွက်ရမှာပါ။ ဘယ်သူ့ကိုမှ အားကိုးနေလို့ မရပါဘူး။ တစ်ယောက်ကို အားကိုးလိုက်တာနဲ့ တစ်ယောက်က ဝါးမျိုသွားမှာပါပဲ။ ဒါကြောင့် ၂၀၀၈ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော်သည် မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုလို့ အတိအလင်းပြဋ္ဌာန်းထားတာ တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံတော်ပိုင်နက်နယ်နိမိတ်ဆိုတာ

လည်း လွန်စွာမှတန်ဖိုးရှိပါတယ်။ ကျွန်တော်
နယ်နိမိတ်ထိစပ်နေတဲ့ အိမ်နီးနားချင်း ငါးနို
နယ်နိမိတ်အတိအကျတိုင်းတာ သတ်မှတ်နိုင်
တယ်။ ကျန်တဲ့နိုင်ငံတွေနဲ့က တစ်ချိန်မ
သတ်မှတ်ရဦးမှာပါ။ ဒါဆိုရင် အခြေအတင်
မလာဘူးလို့ မပြောနိုင်ပါဘူး။ ဒီလိုဖြစ်ခဲ့
နိုင်ငံရေးနည်း၊ အပြည်ပြည်ဆိုင်ရာဥပဒေနည်း
သို့သော် ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ မ
နည်းနဲ့ ဖြေရှင်းရပါပြီတဲ့။ ကိုယ့်အားကိုယ်
မရှိလို့ ခေါင်းငုံ့ခံနေရမှာလား။ စဉ်းစားဖို့လို
အပြန်အလှန် လေးစားထိုက်တဲ့ တပ်မတော်
ဒါကြောင့် အင်အားတောင့်တင်းပြီး စွမ်းရ
တပ်မတော်တစ်ရပ်ဖြစ်ဖို့ ရည်မှန်းဆောင်
လိုက်လို့ မြန်မာနိုင်ငံအနေနဲ့ စစ်ဝါဒီ၊ စစ်
နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်
မပြုလို့ အခြေခံမူချမှတ်ထားတာကိုကြည့်ရင်
နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးအစီ
ပြောနေကြသူတွေအနေနဲ့ မျိုးချစ်စိတ်၊ တို
စဉ်းစားဆင်ခြင်ဖို့ကောင်းပါတယ်။ ကိုယ့်အင်
ရန္တပိုစာချုပ် အချုပ်ခံမှာလား၊ ပိုင်နက်နယ်မြေ
စဉ်းစားနိုင်အောင်ပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အတွက် ပြည်ထောင်စုဆိုရာမှာ ပြည်နယ် ခုနှစ်
ခုနှစ်ခုနဲ့ ပြည်ထောင်စုနယ်မြေများ ပါဝင်ပါ
ကိုက်ညီတဲ့ တိုင်းရင်းသားလူမျိုးစုများ စုစု
အုပ်ချုပ်ခွင့်ရနယ်မြေများအဖြစ် သတ်မှတ်
အုပ်ချုပ်ခွင့်ရဒေသ ငါးခုနဲ့ ကိုယ်ပိုင်အုပ်ချုပ်
ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ပေးခဲ့ပါ
ခွင့်ရနယ်မြေတွေမှာ သက်ဆိုင်ရာ တိုင်းရ
အခြေခံဥပဒေနဲ့အညီ ကိုယ်တိုင်စီမံအုပ်ချုပ်
ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းသည်လို့ အ
နိုင်ငံတော်တွင်ပါဝင်သည့် တိုင်းဒေသကြ
ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်
နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသ
အခါမျှ ခွဲမထွက်ရလို့ ပုဒ်မ-၁၀မှာ ပြဋ္ဌာန်းပ
သမိုင်းကြောင်းကို ပြန်ကြည့်ရင် လွတ်လပ်ရေ
နုနု မှန်တိုင်းက ထန်ထန်အဖြစ် ရောက်ရှိ
သောင်းကျန်းမှုကြောင့် ထိုစဉ်က နိုင်ငံရဲ့မြို့
အင်းစိန်မှာပင် တိုက်ပွဲတွေဖြစ်ပွားပြီး ရန်ကု
အခေါ်ခံခဲ့ရတဲ့အထိ ဖြစ်ခဲ့ဖူးပါတယ်။ ၁၉၉
တပ်မတော်အစိုးရရဲ့ စွမ်းဆောင်ချက်တွေ
နောက်ပိုင်း နိုင်ငံတော်ရဲ့အချုပ်အခြာအာဏ
အကျယ်ပြောဆုံး ဖြစ်ခဲ့ပါတယ်။ တကယ့်ကို
စိတ်ချမ်းသာဖွယ်အခြေအနေပါ။ လက်နက်
တစ်ဖွဲ့ လဲလှယ်ခဲ့ကြပါတယ်။ ကျွန်တော်တို့
လက်နက်ကိုင်အဖွဲ့တွေ အလွန်များပြားတာက

လည်း လွန်စွာမှတန်ဖိုးရှိပါတယ်။ ကျွန်တော်သိသလောက်ဆိုရင်တော့ နယ်နိမိတ်ထိစပ်နေတဲ့ အိမ်နီးနားချင်း ငါးနိုင်ငံမှာ နှစ်နိုင်ငံညှိနှိုင်းပြီး နယ်နိမိတ်အတိအကျတိုင်းတာ သတ်မှတ်နိုင်တာ တစ်နိုင်ငံပဲရှိပါသေးတယ်။ ကျန်တဲ့နိုင်ငံတွေနဲ့က တစ်ချိန်မဟုတ် တစ်ချိန်တိုင်းတာ သတ်မှတ်ရဦးမှာပါ။ ဒါဆိုရင် အခြေအတင်ပြဿနာတွေ ပေါ်ပေါက်မလာဘူးလို့ မပြောနိုင်ပါဘူး။ ဒီလိုဖြစ်ခဲ့ရင် သံတမန်ရေးနည်း၊ နိုင်ငံရေးနည်း၊ အပြည်ပြည်ဆိုင်ရာဥပဒေနည်းတွေနဲ့ ဖြေရှင်းကြရမှာပါ။ သို့သော် ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ မပြေမလည်ဖြစ်လို့ နောက်ဆုံးနည်းနဲ့ ဖြေရှင်းရပါပြီတဲ့။ ကိုယ့်အားကိုယ်ကိုး ကိုယ့်အင်ကိုယ့်အား မရှိလို့ ခေါင်းငုံ့ခံနေရမှာလား။ စဉ်းစားဖို့လိုပါတယ်။ တူတူတန်တန် အပြန်အလှန် လေးစားထိုက်တဲ့ တပ်မတော်တစ်ရပ် ရှိကိုရှိနေရမှာပါ။ ဒါကြောင့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီတပ်မတော်တစ်ရပ်ဖြစ်ဖို့ ရည်မှန်းဆောင်ရွက်နေတာပါ။ ဒီလိုပြောလိုက်လို့ မြန်မာနိုင်ငံအနေနဲ့ စစ်ဝါဒီ၊ စစ်လိုလားသူမဟုတ်ပါဘူး။ နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်း မပြုလို့ အခြေခံမူချမှတ်ထားတာကိုကြည့်ရင် သိသာပါတယ်။ ဒီတော့ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးအစီအမံတွေအပေါ် အမနာပ ပြောနေကြသူတွေအနေနဲ့ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် အပြည့်နဲ့ စဉ်းစားဆင်ခြင်ဖို့ကောင်းပါတယ်။ ကိုယ့်အင်ကိုယ့်အားမရှိလို့ ဒုတိယ ရန္တပိုစာချုပ် အချုပ်ခံမှာလား၊ ပိုင်နက်နယ်မြေတွေ အဆုံးရှုံးခံမှာလား၊ စဉ်းစားနိုင်အောင်ပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်ထောင်မှာဖြစ်တဲ့အတွက် ပြည်ထောင်စုဆိုရာမှာ ပြည်နယ် ခုနစ်ပြည်နယ်၊ တိုင်းဒေသကြီး ခုနစ်ခုနဲ့ ပြည်ထောင်စုနယ်မြေများ ပါဝင်ပါတယ်။ သတ်မှတ်ချက်နဲ့ ကိုက်ညီတဲ့ တိုင်းရင်းသားလူမျိုးစုများ စုစည်းနေထိုင်ရာကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေများအဖြစ် သတ်မှတ်ထားပါတယ်။ ကိုယ်ပိုင်

စိတ်ရှိသူတိုင်း ကိုယ့်နိုင်ငံ၊ ကိုယ့်
ာက်စေချင်ကြတာပါပဲ။ ဒါ့အပြင်
လူမျိုးရဲ့ အချုပ်အခြာအာဏာ၊
ပါးလာရင် ခေါင်းငုံ့မခံ တုံ့ပြန်
လူမျိုးတိုင်းမှာ လူမျိုးမာန်ဆိုတာ
မထောက် လက်မမြှောက် အခက်
းပြီး ကိုယ့်အားကိုယ်ကိုးတဲ့ အစဉ်

အုပ်ချုပ်ခွင့်ရဒေသ ငါးခုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်တိုင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ပေးခဲ့ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေတွေမှာ သက်ဆိုင်ရာ တိုင်းရင်းသားတွေက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ကိုယ်တိုင်စီမံအုပ်ချုပ်ကြမှာပါ။ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းသည်လို့ အခြေခံဥပဒေရဲ့ပုဒ်မ-၈နဲ့ နိုင်ငံတော်တွင်ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရလို့ ပုဒ်မ-၁၀မှာ ပြဋ္ဌာန်းပါရှိပါတယ်။ နိုင်ငံတော်ရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်ရင် လွတ်လပ်ရေးရပြီးတာနဲ့ တိုင်းပြည်က နုနု မုန်တိုင်းက ထန်ထန်အဖြစ် ရောက်ရှိခဲ့ပြီး ပြည်တွင်းရောင်စုံသောင်းကျန်းမှုကြောင့် ထိုစဉ်က နိုင်ငံရဲ့မြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့ အင်းစိန်မှာပင် တိုက်ပွဲတွေဖြစ်ပွားပြီး ရန်ကုန်အစိုးရလို့ လှောင်ပြောင်အခေါ်ခံခဲ့ရတဲ့အထိ ဖြစ်ခဲ့ဖူးပါတယ်။ ၁၉၉၀ ပြည့်လွန်နှစ်တွေကစလို့ တပ်မတော်အစိုးရရဲ့ စွမ်းဆောင်ချက်တွေကြောင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာပျံ့နှံ့စိုးမိုးမှုဟာ နယ်မြေအကျယ်ပြောဆုံး ဖြစ်ခဲ့ပါတယ်။ တကယ့်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ်၊ စိတ်ချမ်းသာဖွယ်အခြေအနေပါ။ လက်နက်နဲ့ငြိမ်းချမ်းရေး တစ်ဖွဲ့ပြီး တစ်ဖွဲ့ လဲလှယ်ခဲ့ကြပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ထူးခြားမှုတွေထဲမှာ လက်နက်ကိုင်အဖွဲ့တွေ အလွန်များပြားတာကလည်း ဝိသေသတစ်ခုပါ။

ဤပြည်ထောင်စု

* ဤပြည်ထောင်စု၊ ဖြစ်တည်မှုကို
စေ့ငုဆက်စပ်၊ ပြန်သုံးသပ်မူ
မှတ်တမ်းစာစီ၊ မရှိမီတည့်
အတီအတော၊ ရှေးပဝေက
ရေမြေမခြား၊ မျိုးမခြားဖို့
စကားသာကွဲ၊ သွေးမကွဲပေ
နိုင်မြဲနောင်တင်း၊ စည်းလုံးခြင်းတို့
ချစ်ခြင်းနှောင်ဖွဲ့၊ ဖြစ်တည်ခဲ့သော်
အိုဘယ့်-မြန်မာ မည်သတည်း။

* ဤပြည်ထောင်စု၊ တည်တံ့မှုကို
စေ့ငုသေချာ၊ ပြန်ကြည့်ပါမူ
ဗမာပါဝင်၊ ချင်း ကချင်နှင့်
ကရင် ကယား၊ ရခိုင်သားနှင့်
မခြားတူသည်၊ မွန် ရှမ်းညီတို့
ချစ်ကြည်မပျက်၊ သွေးစည်းဆက်ကာ
အခက်ကြုံတိုင်း၊ တုံ့မဆိုင်းဘဲ
ဝိုင်းခဲ့ဝန်းခဲ့၊ ညီညာခဲ့သော်
အိုဘယ့်-မြန်မာ မည်သတည်း။

* ဤပြည်ထောင်စု၊ တိုးတက်မှုကို
စေ့ငုစုံလင်၊ ပြန်ကြည့်လျှင်မူ
ပြည်ခွင်တစ်ဝန်း၊ ရောင်စုံလွှမ်းသည့်
သောင်းကျန်းမှုများ၊ အဆီးတားကြောင့်
တံတား ကျောင်း လမ်း၊ ဆေးပေးခန်းတို့
အလှမ်းဝေးခဲ့၊ မရောက်ခဲ့ချေ
ချို့တဲ့လှစွာ၊ ရှိခဲ့ပါလည်း
ပြည်ရွာအေးချမ်း၊ ငြိမ်းချမ်းပန်းတို့
ပွင့်လန်းခဲ့ပေ၊ ခုအခြေဝယ်
ရေမြင့်ကြာတင့်၊ လှဂုဏ်ဆင့်လျက်
ဝင့်ထည်ခဲ့လေပြီတကား။

* အိုဘယ့်မြန်မာ၊ ညီမြန်မာတို့
စဉ်လာမပြတ်၊ သတိချပ်လျက်
သုံးသပ်ကြလေ၊ ညီကြလေလော့
ဒို့တွေအရေး၊ ဒို့အတွေးဖြင့်
ရွေးချယ်လှမ်းလျှောက်၊ ပန်းတိုင်ရောက်ထိ
အနောက်လေမိုး၊ ဝင်မတိုးအောင်
အမျိုးချစ်ကြ၊ ကာကွယ်ကြမှ
ကမ္ဘာ့အလယ်၊ မြန်မာထည်လိမ့်
နှောင်တွယ်လက်တွဲ မြဲစေသတည်း။
ပြည်ထောင်စု၏ ရှေ့ခရီး။ ။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

မောင်စိမ်းနောင် (လယ်ဝေး)

နောက်ပိုင်းမှာ ငြိမ်းချမ်းရေးရယူထားတဲ့ လက်နက်ကိုင်အဖွဲ့တွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့ နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းလာတာကို ကြည်နူးဝမ်းမြောက်ဖွယ် တွေ့ရှိရပါတယ်။ တချို့အဖွဲ့တွေဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေတွေ ရရှိပါတယ်။ ဆက်လက်ပြီး အဖွဲ့အားလုံးသာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်မယ့် နယ်ခြားစောင့်တပ်ဖွဲ့တွေအဖြစ် ဖွဲ့စည်းနိုင်ခဲ့ရင် နိုင်ငံတော်ရဲ့ နယ်မြေအားလုံး ငြိမ်းချမ်းသာယာပြီး တစ်သွေးတည်း တစ်သားတည်း နိုင်ငံတကာအလယ်မှာ တင့်တင့်တယ်တယ်ရပ်တည်သွားနိုင်တော့မှာဖြစ်ပါတယ်။

ကျွန်တော် အစပိုင်းမှာပြောခဲ့သလို စီးပွားရေးပိတ်ပင်တားဆီးမှုကိစ္စမှာဆိုရင်လည်း စီးပွားရေးပိတ်ဆို့မှုတွေကို ရုပ်သိမ်းပေးဖို့ အာဆီယံနိုင်ငံတွေကလည်း တညီတညွတ်တည်း တောင်းဆိုနေကြပါပြီ။ တိုင်းရင်းသား နိုင်ငံရေးပါတီတွေကလည်း တောင်းဆိုနေကြပါပြီ။ ဒီအချိန်မှာ ပြန်လည်သုံးသပ်ပါဦးမယ်ဆိုပြီး ရေငုံနှုတ်ပိတ်နေနေကြဦးမှာလား။ ပတ်ဝန်းကျင်ဒေသတွင်းနိုင်ငံတွေလို မတိုးတက်စေချင်ဘူးလား။ ကျွန်တော်တို့နိုင်ငံကလည်း ကုသိုလ်ကံတရားအရ သဘာဝဓာတ်ငွေ့သိုက်ကြီးတွေပေါ်မှာ ခွထိုင်ထားတာပါ။ ပိတ်ပင်မှုကင်းကင်းနဲ့ အတားအဆီးမဲ့အခြေအနေဆိုရင် နေ့ချင်းညချင်းမဟုတ်တောင် ကာလအပိုင်းအခြားတစ်ခုအတွင်းမှာ အမြန်ဆုံးဖွံ့ဖြိုး တိုးတက်သွားမှာပါ။ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲရပြီးနောက်ပိုင်း သူတို့လည်း စီးပွားရေးပြန်လည်နာလန်ထူဖို့ ၁၅ နှစ်လောက် ရှန်းကန်ခဲ့ရပါတယ်။ အခုတော့ ရေနံနဲ့ သဘာဝဓာတ်ငွေ့တင်ပို့မှုကတင် နိုင်ငံခြားဝင်ငွေ ဒေါ်လာ ဘီလီယံရာနဲ့ချီတဲ့ ဝင်ငွေတွေရရှိပြီး စီးပွားရေးတိုးတက်တဲ့ နိုင်ငံတစ်ခုရဲ့ လမ်းကြောင်းပေါ် ပြန်ရောက်လာပါပြီ။

ကျွန်တော်တို့နိုင်ငံကတော့ တပ်မတော်ရဲ့ ကျေးဇူးကြောင့် ပြည်ထောင်စုလည်း မပြိုကွဲခဲ့ပါဘူး။ စီးပွားရေးတစ်ရှိန်ထိုး တိုးတက်ဖို့

၂၀၁၁ ခုနှစ်၊ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

ပြည်တွင်းအင်အားစုတွေ စည်းလုံးညီညွတ်စွာနဲ့ဆောင်ရွက်ဖို့ အခွင့်အလမ်းကောင်းတွေ ရရှိနေပါပြီ။ ဒေသတွင်း ကူးလူးဆက်သွယ်နိုင်ဖို့ ထားဝယ်-ဗန်ကောက်လမ်းကြောင်း၊ ကုလားကောက်-ထိုင်း-ဗီယက်နမ်လမ်းကြောင်း၊ ကျောက်ဖြူ-ကူမင်းရေနံနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း၊ အိန္ဒိယ-မြန်မာ-တရုတ်ဆက်သွယ်မယ့် လီဒိုလမ်းကြောင်း၊ အိန္ဒိယနဲ့ဆက်သွယ်မယ့် ကုလားတန်မြစ်လမ်းကြောင်းတွေ အစီအမံချ ဆောင်ရွက်နေတာတွေ့နေရပါပြီ။ နိုင်ငံအတွင်းမှာ စက်ရုံ၊ အလုပ်ရုံတွေကအစ စီးပွားရေးတိုးတက်ဖြစ်ထွန်းလာရင် ရွှေ့ပြောင်းအလုပ်သမား ပြဿနာဆိုတာတွေလည်း ပျောက်ကွယ်သွားမှာပါ။ ပိတ်ဆို့မှုတွေရဲ့ ထင်ရှားတဲ့သာဓကအဖြစ် အချို့ ကြယ်သုံးပွင့်၊ ကြယ်လေးပွင့်၊ ကြယ်ငါးပွင့်အဆင့် ဟိုတယ်ကြီးတွေဟာ ဆောက်လုပ်ရင်း မပြီးပြတ်သေးဘဲ ရပ်တန့်သွားရတဲ့အဖြစ်တွေ အထင်အရှားတွေ့နေရတာဟာ မျက်မြင်သက်သေပါ။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုတွေကျဆင်းပြီး အလုပ်အကိုင် အခွင့်အလမ်းတွေ ဆုံးရှုံးရတာပါပဲ။ နိုင်ငံတကာခရီးသွားနှစ် ၁၉၉၆ ဆိုပြီး ရည်မှန်းဆောင်ရွက်ချက်တွေဟာလည်း ပုဆိန်ရိုးအုပ်စုရဲ့ မတောင်းဆိုသင့်တာတွေ တောင်းဆိုမှုကြောင့် သဲထဲရေသွန်ဖြစ်ခဲ့ရပြီး အိမ်နီးချင်း ထိုင်းနိုင်ငံမှာ ကမ္ဘာလှည့်ခရီးသွားတွေ ၁၄ သန်းလောက် လာရောက်လည်ပတ်နေချိန်မှာ မြန်မာနိုင်ငံမှာတော့ ခရီးသွားဧည့်သည် ငါးသိန်းလောက်နဲ့ပဲ ကျေနပ်နေရတာပါ။

ပြည်သူလူထုရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပျောက်ဆုံးပြီး ဆင်းရဲတွင်းထဲ ဆင်းခိုင်းသလို ဖြစ်မဖြစ်ဆိုတာ ဆင်ခြင်သင့်ပါတယ်။ ဒီတော့ "ကိုယ့်ကြောင့်မဟုတ်ပါဘူး၊ အရင်ဘယ်တုန်းကမှလည်း မလုပ်ခဲ့ မပြောခဲ့ပါဘူး" ဆိုတဲ့ ဝေ့လည်ကြောင်ပတ်စကားထက် ပိုပြီးပွင့်လင်း မြင်သာတဲ့စကားကို ဆိုသင့်ပါပြီလို့ တိုက်တွန်းချင်ပါတယ်။ သားရွှေအိုးထမ်းလာတာကို မြင်လိုတယ်ဆိုတာမျိုး ပြည်သူလူထုက ဖြစ်စေချင်နေပါပြီ။ လက်နက်ကိုင်အဖွဲ့တွေအားလုံး ငြိမ်းချမ်းစွာနဲ့ နိုင်ငံတော်ရဲ့ကွပ်ကဲမှုတစ်ခုတည်းအောက်မှာ တစုတစည်းတည်းရှိမယ်၊ နိုင်ငံရေးအဖွဲ့အစည်းအားလုံး စုစုစည်းစည်းနဲ့ နိုင်ငံရေးစည်းလုံးမှုအပြည့်အဝရမယ်သာဆိုရင် မည်သည့်အခက်အခဲမှ အလေးမူဖို့မလိုဘဲ နောင်လာမယ့် အနှစ် ၂၀ ဖြစ်တဲ့ ၂၀၃၀ပြည့်နှစ်မှာ မြန်မာနိုင်ငံအနေနဲ့ အရှေ့တောင်အာရှဒေသမှာ စီးပွားရေးအရ အဆင့်(၁)နေရာကိုရဖို့ ရည်မှန်း ဆောင်ရွက်နိုင်ပါတယ်လို့ အကြံပြုတင်ပြလိုပါတယ်။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ လွှတ်တော်အရပ်ရပ်ရဲ့ ပထမအကြိမ်ပုံမှန် အစည်းအဝေးတွေကျင်းပနေတဲ့အချိန်မှာပဲ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ကျရောက်မယ့် (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ အခါသမယနဲ့လည်း ဒွန်တွဲနေတဲ့အတွက် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲမယ့် နိမိတ်ကောင်းလို့ပဲ ဆိုရပါမယ်။ အသစ်ပြဋ္ဌာန်းနိုင်ခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ရဲ့ အစည်းအဝေးတွေက ဒုတိယသမ္မတအမည် စာရင်းတွေတင်သွင်းကြ၊ ဒုတိယသမ္မတ သုံးဦးအနက်က တစ်ဦးကို နိုင်ငံတော်အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ကြ၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများပါဝင်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းကြနဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးစတင်ပေါ်ထွန်းလာချိန်မှာ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့နဲ့ ကြုံကြိုက်နေတာတွေဟာ ကျက်သရေမင်္ဂလာအဖြာဖြာပြည့်စုံတဲ့ တိုက်ဆိုင်မှုတွေပဲဖြစ်ပါတယ်။ **ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးကတော့ မသွေမဖည် ပေါ်ထွန်းလာတော့မှာ ဖြစ်ပါတယ်။ မြန်နိုင်သမျှအမြန်ဆုံး ပေါ်ထွန်းဖို့ဆိုရာမှာ စည်းလုံးညီညွတ်စွာနဲ့ ဆောင်ရွက်ရပါမယ်။ မပြောသင့်တာ၊ မတားသင့်တာ၊ မလုပ်သင့်တာတွေ မဆောင်ကြဉ်းဘဲ တိုင်းပြည်ချစ်တဲ့စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်နဲ့သာ ဆုံးဖြတ်ဆောင်ရွက်ကြမယ်ဆိုရင် ပြည်ထောင်စုနယ်မြေကို တစ်လက်မမှ အထိပါးမခံရဘဲ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်လာမှာပါ။ နှစ်ပေါင်းထောင်ချီပြီး ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးကို အရှည်တည်တံ့ခိုင်မြဲစေဖို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားနဲ့ ပူးပေါင်းဆောင်ရွက်ရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး အမြန်ဆုံးပေါ်ပေါက်လာအောင် တည်ဆောက်ဖော်ဆောင်ကြပါစို့လို့** တိုက်တွန်းနှိုးဆော်ရင်း (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါတယ်။ ။

သာကေတမြို့နယ် (၁) ရပ်ကွက် ၁၁ လမ်း ထူပါရုံ အမှတ် ၁၃၈၇ နေ ဦးဝင်းနိုင်-ဒေါ်ခင်ခင်ညွန့် မိသားစုက ပခုက္ကူမြို့နေ ကွယ်လွန်သူ ဦးသန်းငွေဝင်းအား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီး ပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်း လှူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးသင်တန်း မိတ္ထီလာမြို့နယ်၌ဖွင့်

မိတ္ထီလာ ဖေဖော်ဝါရီ ၉

၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး သင်တန်းဖွင့်ပွဲကို မိတ္ထီလာမြို့နယ် မြေစာရင်းဦးစီးဌာနမှူးရုံး၌ ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက ကျင်းပရာ မိတ္ထီလာခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးမြင့်သိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်/ကြပ် အဖွဲ့ဝင်များနှင့် သင်တန်းသား မြေစာရင်းဝန်ထမ်း ၄၅ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင် မြေစာရင်းဦးစီးဌာနမှူးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးမှူး ဦးငွေစိုးလွင်က လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ရှင်းလင်းဖတ်ကြားသည်။ **(အပေါ်ပုံ)** သင်တန်းကို ငါးရက် ပို့ချခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၉

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၆)တွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ကားဈေးကွက်ပါရာဒိုင်းအရွေ့နှင့် ဈေးကွက်ယှဉ်ပြိုင်မှု ကားဈေးကွက် သုံးသပ်ဆောင်းပါး အပါအဝင် သတင်းများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ထွက်ရှိ

အထူးစက်မှုဇုန်ဥပဒေတွင် မြန်မာနိုင်ငံသားများကို အလုပ်အကိုင် ခန့်ထားရမည်ဟု ဖော်ပြပါရှိ၊ အင်အားပြင်းလျှင် တမူးတွင် လှုပ်ခတ်ခဲ့၊ အိန္ဒိယနာမည်ကျော် ရုပ်ရှင်မင်းသား မြန်မာနိုင်ငံ လာရောက်လည်ပတ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် အင်္ဂလိပ်စာမေးခွန်းပုံစံ လမ်းညွှန်အကြံပြုချက်၊ ဘုရင့်နောင် ကုန်စည်ဈေးကွက်၊ မန္တလေးနှင့်မုံရွာ ကုန်စည်ဈေးကွက်သတင်းများ၊ ဘဝရဲ့ ပြောင်းလဲမှုတွေကို ကြည့်လိုက်မယ်ဆိုရင် ကောင်းသောပြောင်းလဲခြင်းတွေလို့ထင်တယ် အေးမြတ်သူနှင့် လိုတိုဇူး စသည့် ဖျော်ဖြေရေးကဏ္ဍများ၊ ပြည်တွင်းသတင်းများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

စုံလင်စွာပါရှိ

ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု အခြေအနေကောင်းလာမည်ဟုဆို၊ ဂျပန်တွင် မျိုးဆက်သစ်လူငယ်များ ဆုံးရှုံးလျက်ရှိ၊ မှုခင်းရေးရာကဏ္ဍ၊ မွေးနေ့ရှင် အဆိုအမိန့်၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍ၊ စီးပွားရေးကဏ္ဍ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

ဥပဒေကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ဥပဒေကျောင်းသား ကျောင်းသူဟောင်းများ၏ အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ်လ ၂ ရက် (တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များမွှေရုံကြီး တက္ကသိုလ်ရိပ်သာလမ်း ကမာရွတ်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဦးအေးသောင်း ဖုန်း-၇၃၀-၀၄၄၉၃၊ ၀၁-၃၈၀၂၄၄ (လိုင်းခွဲ-၁၁၃/၃၁၃)၊ ဒေါ်ဝေဝေကြည် ဖုန်း-၀၁-၆၆၀၂၆၀၊ ဒေါ်ခင်သန်းမြင့် ဖုန်း-၀၉-၅၁၂၄၈၆၈၊ ဒေါ်ခင်ဆွေ ဖုန်း-၀၁-၅၀၁၂၄၉၊ ဦးတင်သောင်း ဖုန်း-၀၉-၉၉၂၄၉၆၀၊ ဒေါ်သန်းသန်း ဖုန်း-၀၁-၅၅၉၉၀၂၊ ဒေါ်ခင်ဝင်း (လယ်ဝေး) ဖုန်း-၀၆၇-၃၀၁၄၉၊ ဒေါ်ခင်ငြိမ်းရွှေ ဖုန်း-၀၁-၃၉၂၃၉၄နှင့် ဦးမြင့်ဝေ (မန္တလေး) ဖုန်း-၀၂-၃၃၇၄၁ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ *(မြန်မာ့အလင်း)*

လက်တွေ့အသုံးချ Programming သင်တန်းများဖွင့်မည်

Gusto
IT for your better life

ရန်ကုန် ဖေဖော်ဝါရီ ၉

ကွန်ပျူတာ Programming နည်းပညာများကို စိတ်ဝင်စားသူများနှင့် ပြည်တွင်း ပြည်ပတွင် အောင်မြင်သော Programmer တစ်ယောက်အဖြစ် ယုံကြည်ချက်ရှိရှိ ရပ်တည်နိုင်လိုသူများအတွက် လက်တွေ့အသုံးချ Programming သင်တန်းများကို Gusto ကွန်ပျူတာ နည်းပညာ သင်တန်းကျောင်းက သင်ကြားပေးမည်ဖြစ်သည်။

အသုံးချနိုင်

သင်တန်းတွင် Programming Techniques များကိုသာ သင်ကြားပေးမည်မဟုတ်ဘဲ ပြင်ပလုပ်ငန်းခွင်တွင် အမှန်တကယ် ရှိနေသော ပြဿနာများ၊ လိုအပ်ချက်များကို မိမိတတ်သိသော Programming နည်းပညာဖြင့် မည်ကဲ့သို့ ဖြေရှင်းနိုင်ကြောင်းကို လက်တွေ့ Case -Study များဖြင့် လေ့လာရမည် ဖြစ်သည်။ ထို့ကြောင့် သင်တန်းပြီးဆုံးပါက သင်တန်းသားများ၏ Problem Solving Skills, Creative Thinking Skills များ တိုးတက်လာပြီး အခြေခံ Programming Techniques များကို လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်လာမည် ဖြစ်သည်။

ထို့အပြင် Programming ဆိုင်ရာ အနှစ်သာရများ၊ အယူအဆများကို စနစ်တကျ နားလည်သဘောပေါက်ခဲ့ခြင်းဖြင့် နောင်အသစ်အသစ်ပေါ်လာမည့် Programming Language များကို မိမိကိုယ်တိုင် လေ့လာရုံဖြင့် အလွယ်တကူ နားလည်တတ်ကျွမ်းနိုင်မည် ဖြစ်သည်။

စိတ်ပါဝင်စားသူများ အနေဖြင့် Gusto ကွန်ပျူတာနည်းပညာ သင်တန်းကျောင်း အမှတ် (၂၆) ၁၄လမ်း (အောက်ဘလောက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၈၆၂၈၈၀၆၊ ၀၁-၇၃၀-၃၁၃၀၂ နှင့် ၀၁-၂၂၄၄၉၆ တို့ထံသို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်းတွင် ဖေဖော်ဝါရီ ၁ ရက်က အထူးဈေးရောင်းပွဲတော် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ရဲသွေး၊ မြို့နယ်စည်ပင် (ခေတ္တအုပ်ချုပ်ရေးမှူး) ဦးညွန့်ဝင်းနှင့် ကောင်းထရေးဒင်းကုမ္ပဏီ ဒါရိုက်တာ ဒေါ်ရွှယ်ဆန်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၆၄)

ကွင်းဆင်းကြီးကြပ်

သန်လျင်မြို့နယ် ဆေးလုံးကြီး ကျေးရွာ၌ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးစိုးသိမ်းနှင့် အဖွဲ့ နှစ်လက်မ စက်ရေတွင်းတူးဖော်ရေး လုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂ ရက်က အဖွဲ့အင်ဂျင်နီယာမှူး ဦးလှမျိုးဝင်း ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရန်မျိုးအောင်ဈေးတွင် ဖေဖော်ဝါရီ ၂ ရက်က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှုများ သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီး မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဇန်နဝါရီ ၂၈ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးသက်လွင်ထွန်း၊ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဦးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မြသီတာဈေးတွင် ဇန်နဝါရီ ၃၁ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်း၊ လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းနိုင်ဝင်း၊ အမှုဆောင်အရာရှိ ဦးအောင်ထွန်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေး မီးဘေးလုံခြုံရေး အတွက် ဆောင်ရွက်ထားရှိမှုကို ဇန်နဝါရီ ၂၅ ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ဝင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မနေခြည်ဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ရေစင် တည်ဆောက်နေမှုကို ဇန်နဝါရီ ၂၃ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ခိုင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(ဓနိတော) စွမ်းအင်ဝန်ကြီး ဦးလွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့် (ဓနိတော)သို့ ရောက်ရှိရာ ရှေးဦးစွာ အစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာက စက်သုံးဆီသိုလှောင်ဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စက်သုံးဆီသိုလှောင်ဖြန့်ဖြူးမှုနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ စက်သုံးဆီ အလေအလွင့် နည်းပါးရေးနှင့် ဝန်ထမ်းများ မသမာမှုမဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများက အဆင့်ဆင့် ကြပ်မတ် ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။ ဝန်ကြီးသည်သိုလှောင်ဖြန့်ဖြူးရေးဌာနကြီးအတွင်းရှိ စက်သုံးဆီများ လက်ခံသိုလှောင်ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ဝဲပုံ)**

အထူးဂရုပြု

ထို့နောက် သာကေတမြို့နယ်ရှိ ရေနံဖြန့်ဖြူးရေးဌာန(သာကေတ) သို့ ရောက်ရှိစစ်ဆေးရာ တာဝန်ခံအရာရှိက စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ရေနံဖြန့်ဖြူးရေးဌာန (သာကေတ)သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များအား နေ့စဉ်စက်သုံးဆီဖြန့်ဖြူးပေးနေရသည့်ဌာနဖြစ်သဖြင့် စက်သုံးဆီ အရည်အသွေးနှင့် အရေအတွက် ပြည့်ဝမှန်ကန်ရေး၊ စက်သုံးဆီအရောင်းဆိုင်များမှတစ်ဆင့် ပြည်သူလူထုလက်ထဲသို့ အမှန်တကယ် ရောက်ရှိရေးအတွက် ဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ တာဝန်ရှိသူများက တိတိကျကျ ကြပ်မတ်ဆောင်ရွက်သွားရေး၊ ဝန်ထမ်းများ မသမာမှုကင်းရှင်းရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်သွားနိုင်ရေးတို့ကို မှာကြားသည်။

လိုက်လံစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ရေနံဖြန့်ဖြူးရေးဌာန (သာကေတ) ဝင်းအတွင်းရှိ စက်သုံးဆီသိုလှောင်ထားရှိမှု အခြေအနေနှင့် ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်တို့၌ စက်သုံးဆီဖြန့်ဖြူးပေးနေမှု အခြေအနေများကို လိုက်လံစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၀-၂-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	နိုင်ငံတော်သီချင်း
၇:၀၅	၃။	တရားတော်
၇:၃၀	၄။	ဓမ္မပူဇာတေး
၇:၃၅	၅။	မျိုးချစ်တပ်မတော်
၇:၄၀	၆။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၅	၇။	မြန်မာသံစဉ် ချိုနားဝင်
၇:၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	ဦးတည်ချက်(၁၂)ရပ်
၈:၁၃	၁၂။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၃။	အပိတ်နှုတ်ဆက်စကား

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	နိုင်ငံတော်သီချင်း
၄:၁၀	၃။	အဖွင့်သီချင်း
၄:၁၅	၄။	မျိုးချစ်တပ်မတော်
၄:၂၅	၅။	မွေးမြူသုတ
၄:၄၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၄:၅၀	၇။	ရန်သူမီး
၄:၅၅	၈။	၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ(ဘောဂဗေဒ)
၅:၁၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၃၅	၁၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၃၈)
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၃။	ထူးဆန်းထွေလာမျက်လှည့်ပညာ
၆:၄၅	၁၄။	ကာတွန်းအစီအစဉ် **ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ** (အပိုင်း-၄၅)
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း-၈)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အနုပညာရှင်၏ တစ်နေ့တာ
	၂၁။	လျှပ်တစ်ပြက်
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျဉ်းပြိုင်များ** (အပိုင်း-၉)
	၂၄။	ဂီတရင်ခုန်သံ

ပြည်ထောင်စုနေ့တွင် လော်ကားဥယျာဉ်ကို ညနေ ၆ နာရီအထိ ဖွင့်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားသော်လည်း ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ တိုးမြှင့်ဖွင့်လှစ်ထားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မကွေးကောလိပ်(၁၉၆၄-၁၉၇၆) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

မကွေးကောလိပ်(၁၉၆၄-၁၉၇၆)ခုနှစ် အငြိမ်းစား ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲသို့ ကန်တော့ခံဆရာ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ပူဇော်ကန်တော့ကြရန် အာစရိယပူဇော်ပွဲကျင်းပရေးအဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(၁၃၅)

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၉

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့် အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၉ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ **၇၀၄၉၃၄** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၁၂၇၆၂၇၄** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၄၉၃၄ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၆၂၇၄ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဖေဖော်ဝါရီ ၉

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၉ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ **၃၃၆၃၀** ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၄၀၉၀၉** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၆၃၀ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၄၀၉၀၉ ဦး

(အင်တာနက်)

ဘဂ္ဂဒက်မြို့တော်တွင်း လမ်းဘေးဗုံးပေါက်ကွဲ အီရတ်ထိပ်တန်း စစ်ဘက်အရာရှိတစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အတွင်း ဖေဖော်ဝါရီ ၈ ရက်က လမ်းဘေးဗုံးနှစ်လုံးပေါက်ကွဲရာတွင် အီရတ်ထိပ်တန်း စစ်ဘက်အရာရှိတစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးသတင်းရပ်ကွက်က ပြောကြားသည်။ *(အပေါ်ပုံ)*

ပြောကြား

ဘဂ္ဂဒက်မြို့အနောက်ပိုင်း အယ်ဂါဇာလီယာခရိုင်ရှိ ကာကွယ်ရေးဝန်ကြီးဌာန စစ်ဦးစီးဗိုလ်မှူးချုပ် အလီမိုဟာမက်မှာ ၎င်း၏ နေအိမ်မှအထွက် လမ်းဘေးဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် သေဆုံးသွားကြောင်း အမည်မဖော်လိုသည့် သတင်းရပ်ကွက်က ပြောကြားသည်။

ဒဏ်ရာရ

ယင်းနောက် အခင်းဖြစ်ပွားရာသို့ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများ စုရုံးရောက်ရှိလာစဉ် ဒုတိယလမ်းဘေးဗုံး ပေါက်ကွဲသဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး၊ တပ်ဖွဲ့ဝင် စစ်သားတစ်ဦးနှင့် အရပ်သားတစ်ဦး ဒဏ်ရာရသွားသည်ဆိုသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ကန်ဒါဟာမြို့၌ ဗုံးခွဲတိုက်ခိုက်

ကဘူးလ် ဖေဖော်ဝါရီ ၉

အသေခံဗုံးခွဲသူတစ်ဦးသည် လုံခြုံရေးစစ်ဆေးမှုများကိုကျော်ဖြတ်ပြီး အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့ရှိ အကောက်ခွန်ဝင်းအတွင်းသို့ ဖေဖော်ဝါရီ ၇ ရက်က ဝင်ရောက်ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်အချို့ လိုက်ပါလာသော သံချပ်ကာကားတစ်စီး အဆိုပါဝင်းအတွင်းမှ ထွက်လာကြစဉ် ဗုံးဖောက်ခွဲလိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အာဖဂန်အရပ်သားတစ်ဦး သေဆုံးပြီး တပ်ဖွဲ့ဝင်နှစ်ဦးအပါအဝင် ငါးဦးဒဏ်ရာရရှိသွားကြောင်း နေတိုးလုံခြုံရေးတပ်များနှင့် အမေရိကန်သံရုံးက ကြေညာသည်။ **(ယာပုံ)**

ယင်းမှာ ကန်ဒါဟာပြည်နယ်၌ ယခုနှစ်အတွင်း စတုတ္ထအကြိမ် အသေခံဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်။ သေဆုံးသွားသည့် အာဖဂန်နစ္စတန်အရပ်သားမှာ စကားပြန်တစ်ဦးဖြစ်ပြီး အမေရိကန်အမျိုးသားမှာ အကောက်ခွန်ဌာန၏ အကြံပေးအရာရှိတစ်ဦးဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

မြောက်ပိုင်းစွန်းဒေသများ နေရာကွက်ကျား မိုးရွာဖွယ်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၉

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဖေဖော်ဝါရီ ၁၀ ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာဖွယ်ရာရှိသည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အိမ်ရာနှင့်အဆောက်အအုံပြပွဲ-၂၀၁၁ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

IEMS Company Limited သည် HOUSING & BUILDING 2011 (အိမ်ရာနှင့်အဆောက်အအုံပြပွဲ-၂၀၁၁)ကို မတ် ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကား သိုက်မြိုက်စွာ ခင်းကျင်းပြသရန် စီစဉ်လျက်ရှိသည်။

ဆက်သွယ်မေးမြန်းနိုင်

ပြပွဲတွင် Shine Group of Companies က အရစ်ကျငွေပေးချေမှုစနစ်များဖြင့် အိမ်ရာအရောင်းပြခန်းများ၊ Kaung Myat Zaw Co., Ltd. က ဗီယက်နမ်နိုင်ငံထုတ် Viglacer အမှတ်တံဆိပ် အိမ်တွင်းအလှဆင်ပစ္စည်းများနှင့် Steel Door များ၊ SoSuCo Tiles က COTTO အမှတ်တံဆိပ် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ TWJS က အိမ်သုတ်ဆေးနှင့် Kholer တံဆိပ် အိမ်တွင်း အလှဆင်ပစ္စည်းများ၊ United Asia Co., Ltd. က Aux တံဆိပ် Aircon များ၊ Treasure Palace Co., Ltd. က Pensonic တံဆိပ် အိမ်တွင်းသုံးလျှပ်စစ်ပစ္စည်းများ၊ Myat Kan Moe Enterprise Ltd. / JBS Electronic / Fudak/ Crown တို့က အိမ်တွင်းသုံးလျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ KMD/ NCTC တို့က ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ၊ Timberland/ Gold Coil/ Osim/ စိန်နှင့်မြ/ Ocean Glory တို့က ခေတ်မီအိမ်သုံး၊ ရုံးသုံး ဆန်းသစ်သော ပရိဘောဂများနှင့် မီးခံသေတ္တာများ၊ Rinnai က နောက်ဆုံးပေါ် Gas Stove အမျိုးမျိုး၊ Allways က အိမ်ဆောက် ပစ္စည်းအမျိုးမျိုး၊ Ever Live က Nauo တံဆိပ် ရေချိုးခန်းသုံးပစ္စည်းအမျိုးမျိုး၊ K& DL Co., Ltd. က ဆောက်လုပ်ရေးနည်းပညာသုံးပစ္စည်းများ၊ MNZ က နောက်ဆုံးပေါ် ငွေရေစက်များ၊ Carabbian တံဆိပ် ရေသန့်စက်များ၊ Sin Pauk Trading Co., Ltd./ Uniteak/ Home Distribution Group/ Parami Trading Co., Ltd./ Maruart တို့က Viny l ကြမ်းခင်းအမျိုးမျိုးနှင့် တံခါးအမျိုးမျိုး၊ K- Company က မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး၊ The One PE Tank က ကိုရီးယားနိုင်ငံထုတ် ရေတိုင်ကီအမျိုးမျိုး ခင်းကျင်း ပြသမည်ဖြစ်ပြီး ပြပွဲတွင် ဖျော်ဖြေရေးအစီအစဉ်များအပြင် ပြပွဲလာရောက်ကြည့်ရှုလေ့လာသူများအတွက် နေ့စဉ် Laptop တစ်လုံး ကံထူးသူရွေးချယ်ပေးသွားမည်ဖြစ်ကာ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၇၃၀၈၂၉၃၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
(အဖိတ်နေ့)
၁၀-၂-၂၀၁၁
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အင်္ဂုဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၀၀ ၇။ အကပဒေသာ
၈:၁၅ ၈။ တေးဂီတအစီအစဉ်
၈:၃၀ ၉။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ **သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်**
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၃၀ ၁။ **Myanmar National League MNL Grand Royal Cup (2011) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (နေပြည်တော် F.C နှင့် ဆောက်သမ်းမြန်မာ F.C)**
၅:၀၀ ၂။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၁၀ ၃။ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဘောဂဗေဒဘာသာရပ်)
၅:၂၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၄၀ ၅။ **သွားကြစို့ တူပျော်ပျော် ဆာဖာရီဥယျာဉ်(နေပြည်တော်)** မြတ်သူသူဝင်း၊ အေးအေးမိုး၊ ဦးရဲထက် (ဆာဖာရီဥယျာဉ်) (ဒါရိုက်တာ-ဝင်းထွဋ်အောင်၊ မျိုးသန့်ထွေး)
၆:၀၀ ၆။ ညနေခင်းသတင်း
၆:၁၅ ၇။ မိုးလေဝသအခြေအနေ
၆:၂၀ ၈။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၄၁) ကိုလင်း၊ ရွှေပန်းချီ၊ ယုဇန၊ ဗိုလ်မြင့်၊ ရဲရဲယု (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၃၀ ၉။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၆:၅၅ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်**(ဒုတိယတွဲ) (အပိုင်း-၉)
၇:၄၀ ၁၁။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု)
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **အစာလည်းဆေး ဆေးလည်းအစာ**(အပိုင်း-၁၃)
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** (အပိုင်း-၂၆)
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၃၅)

ဆာဖာရီဥယျာဉ် (နေပြည်တော်) ဖွင့်လှစ်မည်

နေပြည်တော် ဖေဖော်ဝါရီ ၉

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တည်ဆောက်လျက်ရှိသော ဆာဖာရီဥယျာဉ် (နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်သဖြင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဆာဖာရီဥယျာဉ်(နေပြည်တော်)အား သစ်တောရေးရာ ဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တည်ဆောက်ရေးကာလ ငါးလခန့်ဖြင့် ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဆာဖာရီဥယျာဉ် (နေပြည်တော်) သည် ရန်ကုန်-မန္တလေး ကားလမ်းမအနီး ယခင်တည်ဆောက်ထားပြီးဖြစ်သည့် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၊ နက္ခတ်တာရာပြခန်း (နေပြည်တော်)တို့အနီး၌ တည်ဆောက်ထားခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့် သွားလာမှုလွယ်ကူကာ ဗဟုသုတ ရှာမှီးလိုသူများအဖို့ တစ်နေရာတည်းတွင် လေ့လာကြည့်ရှုနိုင်သည့်အပြင် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)အတွင်း နိုင်ငံတကာအဆင့်မီ ငါးပြတိုက်ကိုပါ အသစ်ထည့်သွင်း တည်ဆောက်ထားခြင်း၊ ကလေးကစားကွင်းအား နောက်ဆုံးပေါ်ကစားစရာပစ္စည်းများ ထပ်မံတိုးချဲ့ တည်ဆောက်ထားခြင်းတို့ကြောင့် အေးချမ်းပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန်အတွက်လည်း ဗုန်နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

ဆာဖာရီဥယျာဉ်(နေပြည်တော်) အတွင်း အာရှပြကွက်၊ ဩစတြေးလျ ပြကွက်နှင့် အာဖရိကပြကွက်ဟူ၍ ပြကွက် သုံးမျိုးခွဲခြားပြသထားပြီး ကမ္ဘာနှင့် မြန်မာနိုင်ငံတို့မှ ရှားပါး တိရစ္ဆာန်များအား ထည့်သွင်းပြသထားကြောင်းနှင့် အာဖရိကတိုက်မှ ရှားပါးတိရစ္ဆာန်များအား ပြည်ပမှ စင်းလုံးငှားလေယာဉ်ဖြင့် တင်သွင်းခဲ့ကြောင်း သိရသည်။ဆာဖာရီဥယျာဉ် အတွင်း ပြသထားသည့် တိရစ္ဆာန် အမျိုးအစား ၁၆ မျိုးရှိပြီး တိရစ္ဆာန် အကောင်အရေအတွက်မှာ ၂၀၆ ကောင်ရှိကြောင်း သိရသည်။ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် တိရစ္ဆာန် အမျိုးအစားပေါင်း ၈၉ မျိုး၊ တိရစ္ဆာန်အကောင်ရေ ၅၅၅ ကောင် ပြသထားကြောင်း၊ နက္ခတ်တာရာ ပြခန်းတွင် ယခင်ပြသလျက်ရှိသည့် ဇာတ်လမ်းများအပြင် အသစ်ထပ်မံ ဝယ်ယူထားသည့် ဇာတ်လမ်း နှစ်မျိုးအား အများပြည်သူများ ဗဟုသုတ ရရှိစေရေး တင်ဆက်ပြသသွားမည် ဖြစ်ကြောင်း၊ အဆိုပါ ဇာတ်လမ်း နှစ်မျိုးမှာ နေမင်းကြီး၏ လျှို့ဝှက် နက်နဲဆန်းပြားမှုများ အကြောင်းနှင့် ဆာဖာရီဥယျာဉ်နှင့် လိုက်ဖက်ညီ တင်ဆက်ထားသော အာဖရိက ဆရင်ဂက်တီလွင်ပြင်မှ တောရိုင်းတိရစ္ဆာန်များအကြောင်း ရိုက်ကူး တင်ဆက်ထားခြင်းဖြစ်ကြောင်း သိရသည်။

လွတ်လပ်စွာ လည်ပတ်နိုင်

ဆာဖာရီဥယျာဉ်(နေပြည်တော်) ဖွင့်လှစ်ပြီးပါက အများပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြပြီး ဝင်ကြေး နှုန်းထားအနေဖြင့် ဆာဖာရီဥယျာဉ် (နေပြည်တော်)မှာ လူကြီး ငွေကျပ် ၁၀၀၀၊ ကလေး ငွေကျပ် ၅၀၀ နှင့် ယာဉ်စီးနင်းခ ငွေကျပ် ၁၀၀၀ ဖြစ်ကြောင်း၊ ငါးပြတိုက်မှာ လူကြီး၊ ကလေး ငွေကျပ် ၅၀၀ ဖြစ်ပြီး ကလေးကစားကွင်းမှာ ကလေး ငွေကျပ် ၂၀၀ ဖြစ်ကြောင်း၊ ဆာဖာရီ ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုသည့် ယာဉ်အား စီးလုံးငှားလည်ပတ်လိုသူများအတွက် လူ ၂၉ဦးဆံ့ တစ်စီးလျှင် ငွေကျပ် ၂၀၀၀၀ ဖြင့်လည်း ပုတ်ပြတ် ငှားရမ်းကာ လွတ်လပ်စွာ လည်ပတ်နိုင်ကြောင်း သိရသည်။

ဆာဖာရီဥယျာဉ်အတွင်း ဝင်ရောက်လည်ပတ်ကြည့်ရှုသူများအတွက် လုံခြုံစိတ်ချရမှု ရာနှုန်းပြည့်ဖြစ်အောင် စီစဉ်ထားသည့် မီနီဘတ်စ်များဖြင့် စီစဉ်ပေးထားပြီး တိရစ္ဆာန်ဥယျာဉ်အတွင်း လည်ပတ်သူများအတွက်ကိုမူ လုပသစ်လွင်သည့် ဘာဂီယာဉ်ငယ်များ စီစဉ်ပေးထားကြောင်း သိရသည်။

ဆာဖာရီဥယျာဉ်(နေပြည်တော်)အား (၆၄) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်မည်ဖြစ်ပြီး အများပြည်သူများလည်း တစ်ဆက်တည်း ဝင်ရောက် ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စာစီစာကုံးပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၉

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော ဦးမောင်မောင်(ရွှေစံအိမ်) မြန်မာစာဘာသာ စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို အထက(၁)လှိုင်တွင် ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး မောင်ခိုင်ခန့်၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယကများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် ဆုရရှိသော ကျောင်းသားတစ်ဦးအား အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ခင်သန်းဦး(မမိုးမြေ)က ဆုချီးမြှင့်ကြောင်း သိရသည်။ **(ဝဲပုံ) (၁၂၈)**

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသောမိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၉

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ဘုံမဟဲကျေးရွာနေ မောင်ဖားဦးထုပ်သည် နွားကျောင်းနေစဉ် ဖေဖော်ဝါရီ ၈ ရက် နံနက် ၈ နာရီခန့်တွင် ရွာတောင်ဘက်ခြမ်းနှင့် ရော်ဘာခြံကြားတစ်နေရာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိပြီး ညာခြေချင်းဝတ်အထက်မှ ပြတ်နှင့် ဘယ်ခြေသလုံးအစဝင် ဒဏ်ရာများရရှိခဲ့သဖြင့် တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးကာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေပလ္လင်

DIMSUM

ပူပူနွေးနွေး •
သန့်သန့်ရှင်းရှင်း •
ရပြီ! အရသာကောင်းကောင်း •

Open Daily : 6 am - 6 pm ☎ : 538 736, 527 850

ဂုဏ်ယူဝမ်းမြောက်ခြင်း

Hyper Food Fusion ဆိုင်ကြီး မှ Hyper @ Taw Win အမည်ဖြင့် ၆. ၂. ၂၀၁၁ ရက် နေ့တွင် Taw Win Center ၌ ဆိုင်ခွဲ ဖွင့်လှစ်နိုင်ခြင်းအား ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှင့် ထာဝရ တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

P&P
Peanut Oil & Soya Oil

WELCOME
Welcome General Trading Co., Ltd.

Angel
Quality Series
Angel Quality Series

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ရွှေမိမာန်
အားတိုးဆေး

0311 YR 003633

သင့်သွေးဖြင့် အသက်ကယ်ပါ

အော်ဂင်သင်တန်း

(ပုံမှန်/အမြန်)
တန်းခွဲ-ပန်းဆိုးတန်း၊ တာမွေ
ဖုန်း-၀၉-၅၁၉၁၅၅၇၊
၃၈၇၃၇၀။

ကန့်ကွက်နိုင်ပါသည်

သာကေတမြို့နယ်၊ ရတနာပုံအိမ်ရာ၊ တိုက် ၈၆၊ အခန်း ၃၀၁၏ မူလအမည်ပေါက် ဦးမင်းနောင်ထံမှ အဆင့်ဆင့်ဝယ်ယူထားသူ ဦးဘုန်းခိုင်လင်း၊ ဒေါ်သီတာခိုင်ဇော်က အပြီးအပိုင်ဝယ်ယူပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် တိုက်ခန်း အမည်ပြောင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက အထောက်အထား တင်ပြလျက် ၁၄ရက်အတွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ပါသည်။

Computer သင်တန်း

ကားရောင်းမည်

လီမိတက် ၅/ဂ... ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။ အမည်ပေါက်၊ ပွဲစားမလို၊ **ဖုန်း-၀၉-၅၅၀၄၁၁၇၊ ဈေးနှုန်း ကျပ် ၃၄၅ သိန်း။**

မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများ ပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ။ အိမ်နံ့ဘေးအဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။ **မီးသတ်ဦးစီးဌာန**

(Tu Tu- Sa Sa)
English Speaking & Phonetics/ Grammar

ပေါက်တောမြို့နယ် ကံချောင်းကျေးရွာတွင် မြေသား ရေလှောင်ကန် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၂၅ ရက်က ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးဦးကျော်ညွန့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးငြိမ်းသန့်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်မှတ်ပုံတင် မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် ပခ/၂၂၂၁၂ JLM Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ထွန်း ၇/ပခန(နိုင်)၁၉၃၄၇၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန(တိုင်းဦးစီးမှူးရုံး)၊ပဲခူး။**

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်၄၅၊ ဦးပိုင်အမှတ်၂၂၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ ၇၆လမ်းနှင့် ၇၇လမ်းကြား၊ မောင်ကျား၊ မရွှေဇင်အမည်ပေါက် ဘိုးဘွားပိုင်မြေကွက်အား ဒေါ်ကြည်ကြည်ညွန့် ၉/မနမ(နိုင်)၀၁၇၉၂၁က အမှုတွဲအမှတ် ၀၄၆၁/ဘ(ပြောင်း)/၂၀၁၀-၂၀၁၁ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော ပန်းဘဲတန်းမြို့နယ်၊ လှိုင်မြို့နယ်များအတွင်းရှိ တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှတစ်ဆင့် ဝယ်ယူထားသူက အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်ခန်းနှင့် အခန်းအမှတ်
၁။	ဒေါ်သော်တာစန်း ၁၂/ပဘတ(နိုင်)၀၀၆၀၆၂ ဒေါ်သီသီ ၁၂/ပဘတ(နိုင်)၀၀၄၉၆၄	ဒေါ်ကင်မွှား ၁၂/ပဘတ(နိုင်)၀၁၈၉၄၆ ဒေါ်မြင့်မြင့်ကြည် ၁၂/ပဘတ(နိုင်)၀၁၈၉၄၉	အခန်း ၆၊ ပထမထပ်၊ အမှတ်(၂၁၈/၂၂၀)၊ လမ်း ၃၀၊ ပန်းဘဲတန်း
၂။	ဒေါ်ဝင်းဝင်းနု MMN-၀၅၄၁၅၃ ဒေါ်ကြည်ကြည်ဝေ T/RGN-၀၅၉၀၂၇	ဒေါ်ကြည်ကြည်ဝေ T/RGN-၀၅၉၀၂၇	တိုက် ၃၁၊ အခန်း ၁၄၊ လှိုင်မြင်းမိုရ်အိမ်ရာ

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းဒေသကြီးတရားရုံး
၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၁၃၄၂

ဦးလှရွှေ	**နှင့်**	၁။	ဒေါ်မြင့်မြင့်သောင်း
အမှတ် ၄၉၊ ၂၇လမ်း၊		၂။	ဒေါ်သူဇာလွင်
ပန်းဘဲတန်းမြို့နယ်၊			မြင့်ဇကရီကုမ္ပဏီလီမိတက်
ရန်ကုန်မြို့။			တိုက်-၂၄/အေ၊ ငါးလွှာ
			ပြည်ရိပ်မွန်အိမ်ရာ၊
			ပြည်ရိပ်မွန်လမ်းသွယ်-၂၊ (၈)ရပ်ကွက်၊
			ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
တရားလို			**တရားပြိုင်များ**

(၁)တရားပြိုင်ဒေါ်မြင့်မြင့်သောင်း၊ (၂)တရားပြိုင်ဒေါ်သူဇာလွင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလိုက ပေးထားသောငွေ ၅၂၅၄၇၇၃၈၃ကျပ် ပြန်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၂၁ရက် (၁၃၇၂ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

လှလှရီ
တွဲဖက်တိုင်းတရားသူကြီး(၄)
ရန်ကုန်တိုင်းဒေသကြီးတရားရုံး။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၁၆၁၊ အလျား ၁၆၉ပေ×အနံ ၂၉၃ပေ၊ဧရိယာ ၁ ဒသမ ၁၃၈ဧက ကျယ်ဝန်းသည့် နှစ် ၆၀ဂရန်မြေကွက်နှင့် ၎င်းမြေကွက်တည်ရှိသော ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ အမှတ်၁၆၁ဟုခေါ်တွင်သည့် အဆောက်အအုံများ၊ မရွှေ့မပြောင်းနိုင်သော စွဲကပ်ထားသောပစ္စည်းများ အပါအဝင်မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များအားလုံးကို ပိုင်ရှင်ဒေါ်စုစုတင့် ၁၂/မရက(နိုင်)၀၃၂၅၂၃ ၎င်း၏ ကိုယ်စား ဦးသန်းဝင်းထွဋ် ၁၂/မရက(နိုင်)၀၃၀၉၉၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအီလီယာစ် ၁၀/ကမရ(နိုင်)၀၇၈၇၅၄သည် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်အကျိုးခံစားခွင့်ထိခိုက်သူဟူသမျှသည် ၁၅ ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိ၊ သတ်မှတ်ရက်ကျော်လျှင် ဆက်လက်ပြီး အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်အောင် B.A(Law) ,LL.B
တရားရုံးချုပ်ရှေ့နေ(စဉ်-၁၅၃၂)
အမှတ် ၆၇၊ လမ်း ၁၂၀၊ ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၇၆၊ အကျယ်အဝန်း(ပေ၄၀×ပေ၆၀)ရှိ နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်၇၆၊ ဟံသာဝတီ၂၂လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ရှိအမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဒေါ်သန်းသန်းဝင်း ၆/မအရ(နိုင်)၀၈၆၅၇၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသတန်ဖိုးငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း(စဉ်-၆၃၀၇)
တရားရုံးချုပ်ရှေ့နေ
အမှတ်(၉/၁၁)၊ အခန်း(၁၀၂/စီ)၊
၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၅၁၆၀၆၀၇။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု

မောင်မန်းညို၏
“ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် မသွေမဖည်ပေါ်ထွန်းမည်”
ဆောင်းပါး စာ- ၈၊ ၉

မောင်စိမ်းနောင်(လယ်ဝေး)၏
“ ဤပြည်ထောင်စု ”
ကဗျာ စာ- ၉

ရဲထက်၏
“ တစ်စိတ်တစ်ဝမ်းတည်း ”
ကာတွန်း စာ- ၈

ထူးခြားသည့် ညအပူချိန်များ ၉-၂-၂၀၁၁

နမ့်စန်မြို့	၂ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၃ ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၄ ဒီဂရီစင်တီဂရိတ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော မွန်ပြည်နယ်

ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင် မွန်ပြည်နယ်တစ်ခွင်

မွန်ပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အရှေ့တောင်ပိုင်းအတွင်းဘက်တွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၄၇၄၇ ဒသမ ၇၆ မိုင် ကျယ်ဝန်းသည်။ မွန်၊ ဗမာတိုင်းရင်းသားများနှင့်အတူ ကချင်၊ ကရင်၊ ချင်း၊ ပအိုဝ်း၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများ အေးအတူပူအမျှ အတူတကွ စုစည်းနေထိုင်ကြသည်။ တောင်တန်းနှင့်မြေပြန့် ဆက်စပ်တည်ရှိနေသော ပြည်နယ်ဖြစ်သည်။ ပေ ၁၅၀၀ အထိ မြင့်မားသော တောင်တန်းများရှိပြီး ဇင်းကျိုက်တောင်တန်း၊ တောင်ညိုတောင်တန်း စသည်တို့သည် မြောက်မှတောင်သို့ သွယ်တန်းတည်ရှိနေသည်။

စာမျက်နှာ ၆ ကော်လံ ၃ ●

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ လူစီးမော်တော်ယာဉ်တာယာအမျိုးအစား ၁၁ မျိုးကို တစ်နှစ်လျှင် အလုံးရေသုံးသိန်း ထုတ်လုပ်နိုင်မည့် အမှတ်(၂) တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)ကို ဤသို့ တွေ့ရသည်။